# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၆)၊ ၁၃၈၇ ခုနှစ် ၊ နတ်တော်လပြည့်ကျော် ၁ ရက် ၊ ၅-၁၂-၂၀၂၅၊ သောကြာနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးမြို့ မဟာမုနိဘုရားကြီးသို့ သွားရောက်ဖူးမြော်ကြည်ညို ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများအား ပြန်လည်ပြုပြင်မွမ်းမံနေမှုများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၄

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် အဖွဲ့ဝင်များလိုက်ပါ၍

စာမျက်နှာ ၄ သို့ ★



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ မဟာမုနိဘုရားကြီးတွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများအား ရှေးမူမပျက် ပြန်လည်ပြုပြင် တည်ဆောက်မွမ်းမံနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

## ယနေ့ ဖတ်စရာအညွှန်း


သွားဖုံးရောဂါနှင့် ဦးနှောက်ကျန်းမာရေး ဆက်နွယ်လျက်ရှိ

စာမျက်နှာ ၁၀

— — — — — — —

ကိုပါအီတာလီယာဖလား ကွာတားဖိုင်နယ်အဆင့်သို့ အတ္တလန္တာအသင်း တက်ရောက်

စာမျက်နှာ ၁၁

— — — — — — —

သက်ရှည်ကျန်းမာ စိတ်ချမ်းသာစေဖို့ (ဆောင်းပါး)

စာမျက်နှာ ၁၄


## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

နေပြည်တော် ဒီဇင်ဘာ ၄

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပါသည်။

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

မိုး/ဇလ

၀-၀-၀-၀-၀

၂၀၂၅ ခုနှစ် ၊ ဒီဇင်ဘာ ၅ ရက် ၊ သောကြာနေ့ ။

## မသန်စွမ်းသူများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး ဆောင်ရွက်ပေးလျက်ရှိ

အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အတွက် **Fostering Disability inclusive societies for advancing social progress လူမှုဘဝမြင့်မားရေး မသန်စွမ်းသူများပါဝင်သော လူ့အဖွဲ့အစည်းများ မြှင့်တင်ပေး** ဆောင်ပုဒ်အား ယခုနှစ်အတွက် သတ်မှတ်ထားသည်။

မသန်စွမ်းသူများ၏ အရည်အသွေးကိုရယူပြီး နိုင်ငံ၏လူ့စွမ်းအားအရင်းအမြစ်အတွက် အသုံးပြုနိုင်ပါက ရေရှည်တည်တံ့ပြီး ဖွံ့ဖြိုးတိုးတက်သော လူ့အဖွဲ့အစည်းကို တည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း၊ မသန်စွမ်းသူများ၏ စွမ်းဆောင်ရည်မြှင့်တင်ရန်အတွက် ပညာရေးကဏ္ဍကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မသန်စွမ်းသူများအနေဖြင့် အခြားသူများနည်းတူ သင်ကြားမှု၊ သင်ယူမှုပြုနိုင်ရေးအတွက် လိုအပ်သောနည်းပညာနှင့် သင်ထောက်ကူပစ္စည်းများ ပံ့ပိုးပေးခြင်းတို့အား နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မသန်စွမ်းသူများ ဆန္ဒမဲပေးနိုင်ရေး အသိပညာပေးခြင်းနှင့် မြန်မာအီလက်ထရောနစ်မဲပေးစက် လက်တွေ့စမ်းသပ်အသုံးပြုခြင်းအစီအစဉ်များကို နေပြည်တော်၊ ရန်ကုန်မြို့၊ မန္တလေးမြို့၊ ပြင်ဦးလွင်မြို့နှင့် မိတ္ထီလာမြို့များတွင် အကောင်အထည်ဖော်ဆောင်ရွက်ထားပြီးဖြစ်၍ မကြာမီကျင်းပမည့် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲကြီးတွင် မသန်စွမ်းသူများ ဆန္ဒမဲပေးနိုင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် အလေးအနက်ထား တိုက်တွန်းမှာကြားလိုပါကြောင်း မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန (၄)ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက ဒီဇင်ဘာ ၃ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည့် ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်အခမ်းအနား၌ ပြောကြားခဲ့သည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာအန်တိုနီယိုဂူတာရက်စ်၏ သတင်းစကားရုပ်သံနှင့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့အထိမ်းအမှတ် မှတ်တမ်းဗီဒီယိုတို့ကို ပြသသည်။ နားမကြားသောကလေးများကျောင်း(ရန်ကုန်)မှ ကျောင်းသား၊ ကျောင်းသူများက ဖုံကြီးသံ(ယိမ်း)၊ မသန်စွမ်းသက်ငယ်သင်တန်းကျောင်း(ရန်ကုန်)မှ ကျောင်းသူလေးက မှုံရွှေရည်(အက)၊ ကြည့်မြင်တိုင်မျက်မမြင်ကျောင်းမှ ကျောင်းသားများက အနာဂတ်လမ်း(အဆို)ဖြင့် ဂုဏ်ပြုတင်ဆက်ကြသည်။ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံနှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းတို့က အလွတ်တန်းဆောင်းပါးပြိုင်ပွဲ၊ အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ ဆုရရှိသူများကို ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခြင်း၊ ကပြဖျော်ဖြေကြသည့် မသန်စွမ်းကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုငွေချီးမြှင့်ခြင်းများ ဆောင်ရွက်ခဲ့ကြပြီး အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်ဓာတ်ပုံပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

မသန်စွမ်းသူများ၏ စွမ်းဆောင်ရည်မြှင့်တင်ရန်အတွက် ဆောင်ရွက်ပေးလျက်ရှိရာတွင် မသန်စွမ်းသူများနှင့် ပတ်သက်သည့် အရေးကိစ္စများမှာ လူ့အသိုက်အဝန်းတစ်ခုလုံးနှင့်သက်ဆိုင်သည့် လူမှုဖွံ့ဖြိုးရေးကိစ္စဖြစ်ပြီး ပြည်သူလူထုအနေဖြင့် မသန်စွမ်းသူများ၏ အခွင့်အရေး၊ ဂုဏ်သိက္ခာနှင့် စွမ်းဆောင်ရည်ကို အသိအမှတ်ပြုသည့် ရှုထောင့်သစ်၊ အမြင်သစ်ဖြင့် နားလည်လက်ခံပေးရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး ဒီဇင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်၊ ဟေမာဇလရပ်ကွက်၊ ၂၇လမ်း၊ ၇၇လမ်းနှင့် ၇၈လမ်းကြားတွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်များကို ဒီဇင်ဘာ ၅ ရက်တွင် အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ အောက်ကမ်းနားလမ်း၊ ၁၀လမ်းနှင့် ၁၁ လမ်းကြား၊ ရှင်အရဟံသိမ်ရှေ့နှင့် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံ ရပ်ကွက်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားတို့တွင်လည်းကောင်း ရောင်းချပေးသွားမည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှု အစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့် သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်–၆)

၀–၀–၀–၀–၀

၀–၀–၀

## မန္တလေးတောင်ခြေရှိ စန္ဒာမုနိဘုရားတွင် တွေ့ရှိသော နှစ်ပေါင်း ၁၁၀ ကျော်က အရိုးအိုးနှင့်ပတ်သက်၍ သမိုင်းအမှန်သိရှိရန် DNA စစ်ဆေးမည်

**မန္တလေး ဒီဇင်ဘာ ၄**

မန္တလေးတောင်ခြေရှိ စန္ဒာမုနိဘုရားတွင် တွေ့ရှိခဲ့သည့် လွန်ခဲ့သော နှစ်ပေါင်း ၁၁၀ ကျော်က အရိုးအိုးတွင် မြန်မာနှစ် ၁၂၇၅ ခုနှစ် ရက်စွဲပါရှိပြီး ၎င်းနှင့်ပတ်သက်၍ သမိုင်းအမှန်ကို သိရှိရန် မျိုးရိုးဗီဇစစ်ဆေးမှု (DNA) စစ်ဆေးရန် ရုံးချုပ်သို့ တင်ပြထားကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ)မှ သိရသည်။

"သက်ဆိုင်ရာဌာနတွေနဲ့ သွားရောက်ကြည့်ရှုစစ်ဆေးကြပါတယ်။ အုတ်ဂူရဲ့ အောက်ခြေက မူလအုတ်သားတွေကြားမှာ ဖရုံသီးပုံငွေအိုးနဲ့အံသွား တွေ့ရတယ်။ သမိုင်းဖြစ်စဉ် နှစ်မျိုးရှိနေတော့ (DNA) စစ်ဆေးမှ သမိုင်းအမှန်သိမှာဖြစ်လို့ ရုံးချုပ်က စစ်ဆေးဖို့ဆောင်ရွက်နေပါတယ်"ဟု ယင်းဌာန တာဝန်ရှိသူက ပြောသည်။



တွေ့ရှိခဲ့သော ပစ္စည်းများမှာ ဖန်ကလပ်ပေါ်တွင် ငွေနှင့် ပြုလုပ်ထားသည့် ဖရုံသီးပုံ သဏ္ဌာန်ငွေအိုးတွင် အရိုးစု အပိုင်းအစများနှင့် အံသွားတစ်ချောင်းတွေ့ရှိပြီး မြန်မာခုနှစ် ၁၂၇၅ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်ဟု ကမ္ပည်းရေးထိုးထားသဖြင့် နှစ်ပေါင်း ၁၁၂ နှစ်ရှိပြီဟု သိရသည်။

"ဆင်းတုတော်ရဲ့အနောက်ဘက်တည့်တည့် ကနောင်မင်းဂူနေရာမှာ တစ်ပေပတ်လည်လေးပေခွဲအနက်မှာ တွေ့တယ်။ ဖန်ကလပ်ပေါ်မှာ ဖရုံသီးပုံ ငွေကြုတ်ကလေးတင်ထားပြီး ဖရုံသီးပုံအိုးထဲမှာ လက်ဆစ်အရိုးလို အရိုးသုံးရိုးနဲ့ အံသွားတစ်ခု တွေ့တယ်။ ကျွန်တော်တို့သိထားတာက အရိုးတွေကို ရွှေပြောင်းလိုက်တဲ့ ဖြစ်စဉ်နှစ်ခု ကွဲနေတော့ ခုတွေ့တာက ဘာဖြစ်နိုင်မလဲသိရအောင် DNA စစ်မယ်။ အဖြေရရင် ဘယ်ဖြစ်စဉ်က အမှန်လဲဆိုတာသိမယ်" ဟု ရှေးဟောင်းသုတေသနပညာရှင် ဦးပေါက်ပေါက်က ပြောသည်။

တူးဖော်တွေ့ရှိရာသို့ ကနောင်မင်းသား၏ တီလင်းပင်မင်းသားကြီး၏ မြစ်တော်စပ်သူကို ခေါ်ယူပြသခဲ့ရာ (DNA) စစ်ဆေးနိုင်ရန်အတွက် လိုအပ်သည်များ ကူညီမည်ဖြစ်ပြီး ၎င်းတို့အနေဖြင့်လည်း သမိုင်းအမှန်ကို သိလိုသည်ဟု ပြောကြားခဲ့ကြောင်း၊ သမိုင်းအမှန် သိရှိရေးအတွက် (DNA) စစ်ဆေးနိုင်ရန်အတွက် ဌာနမှ ဆက်လက်ဆောင်ရွက်နေကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်–၉)

၀–၀–၀–၀–၀

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၃)နှစ်မြောက် နှစ်ပတ်လည် အထိမ်းအမှတ် ကြက်တောင်ရိုက်ပြိုင်ပွဲများ ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၄**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၃)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အဖြစ် စက်ရုံနှင့်မော်တော်ယာဉ်ဌာနမှ ကြီးမှူး၍ ကြက်တောင်ရိုက်ပြိုင်ပွဲများကို ယနေ့နံနက် ၉ နာရီက ချမ်းအေးသာစံမြို့နယ်ရှိ ဗထူးအားကစားကွင်းမိုးလုံလေလုံအားကစားရုံတွင် ကျင်းပရာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စက်ရုံနှင့် မော်တော်ယာဉ်ဌာန ဌာနမှူး ဦးကျော်ဇာနည်လွင်၊ အရာထမ်းများနှင့် အမှုထမ်းများ၊ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ကြက်တောင်ရိုက်ပြိုင်ပွဲ ဖွင့်ပွဲကို ဌာနမှူးက ကြက်တောင်ရိုက်၍ စတင်ဖွင့်လှစ်ပေးပြီး အမျိုးသားနှစ်ယောက်တွဲ ပွဲစဉ်(၁)မှ ပွဲစဉ်(၁၅)အထိ လည်းကောင်း၊ အမျိုးသမီးနှစ်ယောက်တွဲ ပွဲစဉ်(၁)မှ ပွဲစဉ်(၁၀)အထိ လည်းကောင်း၊ အမျိုးသား အမျိုးသမီးနှစ်ယောက်တွဲ ပွဲစဉ်(၁)မှ ပွဲစဉ်(၁၅)အထိ ယှဉ်ပြိုင်နေမှုများကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများက ကြည့်ရှုအားပေးခဲ့ကြသည်။

ကြက်တောင်ရိုက်ပြိုင်ပွဲများကို ၄-၁၂-၂၀၂၅ ရက်မှ ၈-၁၂-၂၀၂၅ ရက်အထိ နံနက်ပိုင်းများတွင် အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား၊ အမျိုးသမီးနှစ်ယောက်တွဲ ပြိုင်ပွဲများကိုဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်–၃)



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်(မန္တလေးဘဏ်ခွဲ)ရုံးအဆောက်အအုံသစ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်(မန္တလေးဘဏ်ခွဲ)ရုံးအဆောက်အအုံသစ်ဖွင့်ပွဲသို့ တက်ရောက်ချီးမြှင့်

နေပြည်တော် ဒီဇင်ဘာ ၄

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် မြန်မာနိုင်ငံတော်ဗဟိုဘဏ် (မန္တလေးဘဏ်ခွဲ)ရုံး အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ဖွင့်လှစ်ပေးသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်(မန္တလေးဘဏ်ခွဲ)ရုံးအဆောက်အအုံသစ်အတွင်း လှည့်လည်ကြည့်ရှုစဉ်။

အခမ်းအနားသို့ နိုင်ငံတော်ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စု ဝန်ကြီးများနှင့် အဆင့်တူပုဂ္ဂိုလ်များ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တိုင်းဒေသကြီး အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဗဟိုဘဏ်ဒါရိုက်တာအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဘဏ်များအသင်း၊ နိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မြန်မာနိုင်ငံတော် ဗဟိုဘဏ် (မန္တလေးဘဏ်ခွဲ)ရုံး အဆောက်အအုံသစ် နေရာသို့ ရောက်ရှိရာ ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် မြန်မာနိုင်ငံတော် ဗဟိုဘဏ်(မန္တလေးဘဏ်ခွဲ)ရုံး အဆောက်အအုံသစ်အားကော်မရှင် အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေး နှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက မြန်မာ နိုင်ငံတော်ဗဟိုဘဏ် (မန္တလေး ဘဏ်ခွဲ)အဆောက်အအုံသစ်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီ သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်အခမ်းအနားတက်ရောက် လာကြသူများသည် စုပေါင်း မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီ သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက မြန်မာနိုင်ငံတော် ဗဟိုဘဏ် (မန္တလေးဘဏ်ခွဲ) အဆောက်အအုံသစ် ကမ္ပည်း မော်ကွန်းအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးပြီး ကော်မရှင် အတွင်းရေးမှူးတွဲဖက်အမှုဆောင် ချုပ်နှင့် အခမ်းအနားတက်ရောက် လာကြသူများက ကမ္ပည်းမော်ကွန်း အား အမွှေးနံ့သာရည်များ ပက်ဖျန်း ပေးကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီ သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် မြန်မာ နိုင်ငံတော်ဗဟိုဘဏ် (မန္တလေး ဘဏ်ခွဲ) အဆောက်အအုံသစ် အတွင်း လှည့်လည်ကြည့်ရှုကြ သည်။

ဆက်လက်၍ အခမ်းအနား အစီအစဉ်ဒုတိယပိုင်းကိုဆက်လက် ကျင်းပပြုလုပ်ရာ မြန်မာနိုင်ငံတော် ဗဟိုဘဏ်(မန္တလေးဘဏ်ခွဲ)၏ သမိုင်းကြောင်းနှင့် အဆောက်အအုံ တည်ဆောက်ပြီးစီးမှုအား Video Clip ဖြင့် ရှင်းလင်းတင်ပြ၍ ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က မြန်မာနိုင်ငံတော်ဗဟိုဘဏ် (မန္တလေးဘဏ်ခွဲ) အဆောက်အအုံ သစ်နှင့် သက်ဆိုင်သည့် လွှဲပြောင်း မှတ်တမ်းစာအုပ်ကို မြန်မာ နိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေထံသို့ လွှဲပြောင်း ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ယာယီ သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌထံသို့ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌက မြန်မာ နိုင်ငံတော်ဗဟိုဘဏ် (မန္တလေး ဘဏ်ခွဲ) အဆောက်အအုံသစ်ဖွင့်ပွဲ အထိမ်းအမှတ် အမှတ်တရ လက်ဆောင်ကို ဂါရဝပြုပေးအပ် သည်။ စာမျက်နှာ ၄ သို့ »»



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးနှင့် ဦးမျိုးသန့်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေတို့ မြန်မာနိုင်ငံတော် ဗဟိုဘဏ်(မန္တလေးဘဏ်ခွဲ)ရုံးအဆောက်အအုံသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။



မဟာမုနိဘုရားကြီး မကိုဋ်တော် တိမ်းစောင်းခြင်း မှတ်တမ်းဓာတ်ပုံ



မဟာမုနိဘုရားကြီး မကိုဋ်တော် တိမ်းစောင်းခြင်းအား ပြုပြင်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံ



နောက်ကျောတော်(အောင်မြေ)နေရာ တိုင်ခုနစ်တိုင် ပျက်စီးမှု မှတ်တမ်းဓာတ်ပုံ



အနောက်ဘက်(အောင်မြေ)နေရာ တိုင်ခုနစ်တိုင် ပြုပြင်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံ

★ ရှေ့ဖုံးမှ

ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ မဟာမုနိဘုရားကြီးသို့ သွားရောက် ဖူးမြော်ကြည်ညိုပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် သာသနိကအဆောက်အအုံများအား ရှေးမူမပျက် ပြန်လည်တည်ဆောက်ပြုပြင်မွမ်းမံနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

**ဖူးမြော်ကြည်ညို**

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ အဖွဲ့ဝင်များသည် မဟာမုနိဘုရားကြီးသို့ ရောက်ရှိကြပြီး ဘုရားဖူးလာမိဘပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ နှင့်ဇနီး၊ အဖွဲ့ဝင်များသည် မဟာမုနိဘုရားကြီးအား မြသပိတ်ဆွမ်းတော်၊ သစ်သီးဆွမ်းတော်နှင့် ပန်း၊ ရေချမ်း ကပ်လှူပူဇော်ကာ ဖူးမြော်ကြည်ညိုသည်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မဟာမုနိဘုရားကြီးအား ဖူးမြော်ကြည်ညိုစဉ်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် မဟာမုနိဘုရားကြီးအား လက်ယာရစ်လှည့်လည်၍ ဘုရားကြီးရှိ သာသနိကအဆောက်အအုံများတွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများအား ရှေးမူမပျက် ပြန်လည်ပြုပြင် တည်ဆောက်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ၊ အသစ် တည်ဆောက်ရသည့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် စနစ်တကျဖြစ်စေရေး တွက်ချက်ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များ လမ်းညွှန်မှာကြားသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘုရားဖူးလာမိဘပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**အလှူတော်ငွေများလှူဒါန်း**

ယင်းနောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီးတို့က ဘုရားကြီးဘက်စုံပြုပြင်မွမ်းမံရန်အတွက် စုပေါင်း အလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့မှ တာဝန်ရှိသူများက လက်ခံရယူကြသည်။

**လမ်းညွှန်မှာကြား**

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပြည်ပလှူဖွယ်ပစ္စည်းများ ပြခန်းနှင့် ချိတ်ဆွဲရတနာခန်းမသို့ရောက်ရှိပြီး ငလျင်ဘေးဒဏ်ဖြစ်ပေါ်ချိန်တွင် ပြင်းထန်သော လှုပ်ခတ်မှုများကြောင့် မြေခခဲ့ရသည့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့၌ စေတနာရှင် အများပြည်သူများလှူဒါန်းထားရှိသည့် ရတနာရွှေငွေကျောက်သံပတ္တမြားနှင့် စိန်ဖူးတော်များ၊ ငှက်မြတ်နားတော်၊ ရတနာရွှေအိုးနှင့် ဆည်းလည်းကိုးခိုင်၊ နတ်မင်းကြီးလေးပါး၊ ဗွန်းလေးဘုံ၊ ဆပ်သွားဖူးတော်၊ ထီးတော်ကြီး ဘုံကိုးဆင့်တို့အား ထိန်းသိမ်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌသည် ဘုရားစောင်းတန်းနေရာသို့ရောက်ရှိပြီး ဘုရားစောင်းတန်းများသည် ဘုရားဖူးလာမိဘပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် သွားလာနိုင်ရန် ဆောင်ရွက် ပေးထားခြင်းဖြစ်သဖြင့် စနစ်တကျဖြစ်ရန်လိုကြောင်း တာဝန်ရှိသူများအား လမ်းညွှန်မှာကြားပြီး ဘုရားဖူးလာရောက်ကြသည့် ဘုရားဖူးလာမိဘပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

---

»»» စာမျက်နှာ ၃ မှ

ယင်းနောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက မြန်မာနိုင်ငံတော်ဗဟိုဘဏ် (မန္တလေးဘဏ်ခွဲ) အဆောက်အအုံသစ်ဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ ကျေးဇူးတင်စကား ပြောကြားသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

အခမ်းအနား အပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌသည် အခမ်းအနား တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် မြန်မာနိုင်ငံတော် ဗဟိုဘဏ် (မန္တလေးဘဏ်ခွဲ) အဆောက်အအုံသစ်တည်ဆောက်ခဲ့မှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ် အနေဖြင့် ငွေရေးကြေးရေးကဏ္ဍ တည်ငြိမ် ဖွံ့ဖြိုးတိုးတက်ရေး အတွက် ပြောင်းလဲလာသည့် ခေတ်စနစ်များနှင့်အညီ ရည်မှန်းချက်၊ ရည်ရွယ်ချက်များကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ငွေရေးကြေးရေးကဏ္ဍကို မြန်မာနိုင်ငံတော်ဗဟိုဘဏ် အနေဖြင့် ပိုမိုထိရောက်စွာ ကြီးကြပ်ထိန်းကျောင်းဆောင်ရွက်နိုင်ရေး၊ ဒေသအသီးသီး၏ ဖွံ့ဖြိုးမှုတွင် ငွေရေးကြေးရေးကဏ္ဍဖွံ့ဖြိုးမှုကိုပါ တစ်ပါတည်း ဖော်ဆောင်နိုင်ရေးနှင့် နယ်စပ်ဒေသအပါအဝင် ဒေသအသီးသီးတွင် Financial Inclusion ကိုပိုမိုဖော်ဆောင်ရန်နှင့် ကြီးကြပ်ထိန်းကျောင်းမှုကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် ဆောင်ရွက်လျက်ရှိပြီး နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ၏ လမ်းညွှန်မှာကြားချက်အရ နိုင်ငံ၏ စီးပွားရေးအချက်အချာကျသည့် မန္တလေးမြို့တွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ် (မန္တလေးဘဏ်ခွဲ)ရုံး အဆောက်အအုံသစ်ကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ယနေ့တွင် ဖွင့်ပွဲအခမ်းအနားကို ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါမြန်မာနိုင်ငံတော်ဗဟိုဘဏ် (မန္တလေးဘဏ်ခွဲ) ရုံး အဆောက်အအုံသစ်သည် နိုင်ငံတကာ ဗဟိုဘဏ်အဆင့်မီ အဆောက်အအုံ အင်္ဂါရပ်များနှင့်အညီ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို

၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲ ကျင်းပရန်

၂၃

ရက်

သာ လိုတော့သည်။

## နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်၊ မန္တလေး)တို့၏ (၃၁)ကြိမ်မြောက် သာသနတက္ကသီလမဟာဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၄

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်၊ မန္တလေး) တို့၏ (၃၁)ကြိမ်မြောက် သာသနတက္ကသီလမဟာဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) မဟာဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ၏ အဓိပတိ သန်လျင်မင်းကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မိတ္ထီလာဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောဝိဒ အမှူးပြုသော တက္ကသိုလ်များ အုပ်ချုပ်ရေးဇဟိုအဖွဲ့ ဆရာတော်များ၊ ထေရဝါဒဗုဒ္ဓသာသနာပြု ဩဝါဒါစရိယအဖွဲ့ ဆရာတော်များ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်မှ ဆရာတော်များ၊ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဆရာတော်များ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်၊ မန္တလေး) တို့မှ သင်ကြား၊ စီမံဆရာတော်များ၊ ကျမ်းစစ်ဆရာတော်များနှင့် ဘွဲ့ခံသံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဘွဲ့ရဆရာတော်များ၏ ဒါယကာ၊ ဒါယိကာမများနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ၏ အဓိပတိဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ၏ အဓိပတိဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသက ယနေ့ဘွဲ့ခံယူကြသည့်



သာသနာ့အာဇာနည်တို့သည် ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာပိဋကတ်တော်များကို ဘာသန္တရပါဠိတွဲဖက်၍ ခေတ်မီသင်ယူနည်းဖြင့် လေ့လာသင်ယူကြပြီးဖြစ်၍ စာပေကျမ်းဂန်သင်ယူမှု ပရိယတ္တိသည် နိဿရဏတ္ထာပရိယတ္တိဖြစ်နိုင်အောင် "သောတာနု ဂတာနံ ဘိက္ခဝေ ဓမ္မာနံ ဝစသော ပရိစိတာနံ မနသာနုပေက္ခိတာနံ ဒိဋ္ဌိယာ သုပ္ပဋိဝိဒ္ဓါနံ စတ္တာရော အာနိသံသာ ပါဋိကင်္ခါ"အစရှိသော အင်္ဂုတ္တရနိကာယ စတုက္ကနိပါတ သောတာနုဂတ သုတ်တော်ကို ဆင်ခြင်စဉ်းစားနှလုံးထားလျက် ပွားများကြိုးကုတ်အားထုတ်ကြရန်ဖြစ်ကြောင်း၊ ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများ တည်ထောင်ဖွင့်လှစ်ကြခြင်း၏ ရည်ရွယ်ချက် ၄ ချက်ထဲက တတိယအချက်ဖြစ်သော ပြည်တွင်းပြည်ပနှစ်ဌာနတို့၌ ဆင်းရဲချမ်းသာမရွေး ကျေးလက်တောရွာပါမကျန် နေထိုင်သီတင်းသုံး၍ သာသနာပြုခြင်းနှင့် စတုတ္ထရည်ရွယ်ချက်ဖြစ်သည့် လူအများ တွေ့ကြုံခံစားနေရသော ကိုယ်စိတ်ဆင်းရဲခြင်း၊ နှလုံးမသာယာခြင်း၊ စိုးရိမ်ပူပန်ခြင်းတို့ကို ဗုဒ္ဓမြတ်စွာတရားဒေသနာတော်ကြီးဖြင့် သက်သာပျောက်ကင်းချမ်းသာစေခြင်း အကျိုးငှာ ပရဟိတ ပဋိပန္န ပုဂ္ဂိုလ်အဖြစ်သို့ရောက်အောင် ကျင့်ကြံကြိုးကုတ်အားထုတ်တော်မူကြ၍ မြတ်စွာဘုရားသာသနာတော်ဝယ် တံခွန်အောင်လံ သဖွယ် ထင်ရှားသည့် ရှေးသွားခေါင်းဆောင်များ ဖြစ်ကြပါစေကြောင်း သာရဏီယ ဩဝါဒကထာ မြွက်ကြားသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဇဟိုအဖွဲ့ဥက္ကဋ္ဌ မိတ္ထီလာဆရာတော်ဘဒ္ဒန္တကောဝိဒက "မိမိသင်ယူတတ်မြောက်ပြီးသော ပရိယတ္တိဒေသနာဉာဏ်များဖြင့် သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးရပ်ပေါ်တွင် ခိုင်ခိုင်မတ်မတ်ရပ်တည်ကာ မိမိအကျိုး၊ အမျိုးဘာသာ သာသနာအကျိုးကို ဦးလည်မသုန် သယ်ပိုးဆောင်ရွက်နိုင်ကြပါစေကြောင်း" သမ္မောဒနီယဩဝါဒကထာမြွက်ကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က သာသနာရေးဆိုင်ရာများ လျှောက်ထားကြသည်။

ထို့နောက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) မော်ကွန်းထိန်းဆရာတော် ဘဒ္ဒန္တသုမနက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ တက္ကသိုလ်များအုပ်ချုပ်ရေးဇဟိုအဖွဲ့ ဥက္ကဋ္ဌ မိတ္ထီလာဆရာတော် ဘဒ္ဒန္တကောဝိဒထံ ဘွဲ့ခံစာရင်းကို အတည်ပြုလက်မှတ်ရေးထိုးသည်။

ယင်းနောက် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်၊ မန္တလေး) မော်ကွန်းထိန်း ဆရာတော်တို့က ဘွဲ့ခံယူကြမည့် သာသနတက္ကသီလမဟာဓမ္မာစရိယ M.A(Buddhism) ဘွဲ့ရ ၂၄ ပါးနှင့် သာသနတက္ကသီလဓမ္မာစရိယ B.A(Buddhism)ဘွဲ့ရ ၁၁၉ ပါးတို့၏ ဘွဲ့တော်များကို ကြေညာ၍ တက္ကသိုလ်များအုပ်ချုပ်ရေးဇဟိုအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ထံတွင် ဘွဲ့ခံယူကြသည်။

ဆက်လက်၍ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်၊ မန္တလေး) မော်ကွန်းထိန်း ဆရာတော်တို့က သာသနတက္ကသီလမဟာဓမ္မာ စရိယ ဘွဲ့ခံယူတော်မူမည့် ရဟန်းတော်များနှင့် သာသနတက္ကသီလဓမ္မာစရိယ ဘွဲ့ခံယူတော်မူမည့် ရဟန်းတော်များအား တစ်ပါးချင်း၏ဘွဲ့တော်ကို ကြေညာ၍ ပါမောက္ခချုပ်ဆရာတော်များထံ ဘွဲ့ခံယူစေပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ၏ အဓိပတိ သန်လျင်မင်းကျောင်းဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ ရှေ့မှောက်တွင် ဘွဲ့ခံရဟန်းတော်များက သာသနာပြုဂုဏ်ပြုကတိသစ္စာခံယူကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ အုပ်ချုပ်ရေးဇဟိုအဖွဲ့ဥက္ကဋ္ဌ မိတ္ထီလာဆရာတော် ဘဒ္ဒန္တကောဝိဒထံမှ ဧည့်ပရိသတ်များက အနုမောဒနာတရားနာယူ၍ ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် မြတ်စွာဘုရားအပါအဝင် ဘွဲ့ခံသံဃာတော် ၁၄၃ ပါး စုစုပေါင်း ၁၄၄ ဆူ/ပါးတို့ကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာများနှင့် အလှူရှင်များက ဆွမ်းဆန်တော်များ ဆက်ကပ်လောင်းလှူကြသည်။

ယနေ့ (၃၁)ကြိမ်မြောက် သာသနတက္ကသီလမဟာဘွဲ့နှင်းသဘင်တွင် သာသနတက္ကသီလ မဟာဓမ္မာစရိယ M.A(Buddhism)ဘွဲ့ရ ၂၄ ပါးနှင့် သာသနတက္ကသီလဓမ္မာစရိယ B.A(Buddhism)ဘွဲ့ရ ၁၁၉ ပါး စုစုပေါင်းဘွဲ့ရအရှင်မြတ် ၁၄၃ ပါးဘွဲ့ခံယူခဲ့ပြီး နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များမှ (၃၁) ကြိမ်မြောက်အထိ ဘွဲ့ခံယူခဲ့ကြသည့် ရဟန်းတော် စုစုပေါင်း ၃၄၆၄ ပါးပေါ်ထွန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့
၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (၉) ရက်
UNITED AGAINST CORRUPTION
" Uniting with Youth Against Corruption: Shaping Tomorrow's Integrity "
"ခြောင်မတ်တည်ကြည်သော အနာဂတ်ကိုဖော်ဆောင်ဖို့ အဂတိတိုက်ဖျက် လူငယ်များနှင့် လက်ချင်းဆက်ကြပါစို့"

HUMAN RIGHTS GO WITH YOU.
HUMAN RIGHTS, OUR COMMON LANGUAGE.
(၇၇) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အခမ်းအနား
Our Everyday Essentials
၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်

# အာဆီယံဒေသတွင်း ခေတ်မီစံပြကျေးရွာများထူထောင်ခြင်းမှတစ်ဆင့် ကျေးလက်ဒေသ အသွင်ကူးပြောင်းခြင်း အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ



နေပြည်တော် ဒီဇင်ဘာ ၄

အသိပညာမျှဝေမှုကို မြှင့်တင်ရန်၊ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုကို အားပေးရန်နှင့် အာဆီယံတစ်ဝန်းလွှမ်းခြုံနိုင်သည့် ရေရှည်တည်တံ့သော ကျေးလက်ဒေသ အသွင်ကူးပြောင်းမှုကို အရှိန်မြှင့်တင်နိုင်ရေးအတွက် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် အာဆီယံဒေသတွင်း ခေတ်မီစံပြကျေးရွာများ ထူထောင်ခြင်းမှတစ်ဆင့် ကျေးလက်ဒေသ အသွင်ကူးပြောင်းခြင်း အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ THE ERAVATI SULE GRAND ဟိုတယ်ရှိ Grand Ballroom ၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပြည်တွင်း ပြည်ပအစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို နိုင်ငံတော်သီချင်းနှင့် အာဆီယံသီချင်း သီဆိုကာ ဖွင့်လှစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မိမိတို့ မြန်မာနိုင်ငံ၏ ကျေးလက်ဒေသ အသွင်ကူးပြောင်းရေးအား Myanmar Comprehensive Sustainable Development Plan နှင့်အညီ ဆောင်ရွက်လျက်ရှိပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးဆောင်ဝန်ကြီးဌာန ဖြစ်သည့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနသည် ကျေးလက်နေပြည်သူ လူဦးရေ ၆၉ ရာခိုင်နှုန်းအတွက် ကျေးလက်ဒေသအသွင်ကူးပြောင်းရေးအား ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် Territorial Rural Development approach ကို လက်တွေ့အကောင်အထည်ဖော်သည့်အနေဖြင့် SMART Village စီမံကိန်းမှတစ်ဆင့် ကျေးလက်အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးရေး၊ သွင်းအားစုများနှင့် ငွေကြေးဝန်ဆောင်မှုများ ထောက်ပံ့ကူညီခြင်း၊ အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးနှင့် ကျေးရွာစီးပွားရေးမြင့်မားစေခြင်း၊ အသင်းအဖွဲ့များ ခိုင်မာအားကောင်းစေခြင်းနှင့် နည်းပညာဖြန့်ဖြူးခြင်း၊ လူမှုကာကွယ်စောင့်ရှောက်ရေးနှင့်သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေး စသည့် ကဏ္ဍကြီးခြောက်ရပ်အား ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့အလုပ်ရုံဆွေးနွေးပွဲတွင် သက်ဆိုင်ရာအဖွဲ့ဝင်နိုင်ငံများအနေဖြင့် ကျေးလက်အသွင်ကူးပြောင်းရေး ဆောင်ရွက်ချက်များ၏ အတွေ့အကြုံကောင်းများ၊ အလေ့အကျင့်ကောင်းများ၊ အောင်မြင်စေနိုင်သည့်အချက်များ၊ ထပ်ပေါင်းထပ်ပွား ဆောင်ရွက်နိုင်သည့် နည်းလမ်းများ၊ လက်တွေ့မြေပြင်တွင် ဆောင်ရွက်နိုင်သည့် နည်းလမ်းများကို ဆွေးနွေးမျှဝေသွားကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယအတွင်းရေးမှူးချုပ် ဦးစံလွင်ထံမှ ပေးပို့သော အမှာစကား(Pre-Recorded Remark Video)နှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခေတ်မီစံပြကျေးရွာ ထူထောင်ခြင်း စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှု မှတ်တမ်းဗီဒီယိုကိုပြသသည်။

ဆက်လက်၍ ActionAid မှ Country Director ဖြစ်သူ Mr. Shihab Uddin Ahamad က Rethinking Rural Development in a Transforming ASEAN ခေါင်းစဉ်ဖြင့် Key Note Speech ဆွေးနွေးပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းသည်။

ထို့နောက် တက်ရောက်ကြသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်က စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုနှင့် အာဆီယံဒေသတွင်း ကျေးလက်ဒေသအသွင်ကူးပြောင်းမှုဆိုင်ရာများ၊ ဆန်းသစ်တီထွင်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဖြင့် ကျေးလက်စီးပွားမြှင့်တင်ရေးဆိုင်ရာများ၊ ချိတ်ဆက်မှုအားကောင်းသော အနာဂတ်တစ်ခု တည်ဆောက်ခြင်းဆိုင်ရာများ၊ ကြံ့ကြံ့ခိုင်သော အနာဂတ်အတွက် ကျေးလက်လူထုအား စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာများကို Panel Session လေးခုခွဲကာ ဆွေးနွေးမှုများ ဆက်လက်ကျင်းပသည်။

အဆိုပါ အာဆီယံဒေသတွင်း ခေတ်မီစံပြကျေးရွာများထူထောင်ခြင်းမှတစ်ဆင့် ကျေးလက်ဒေသအသွင်ကူးပြောင်းခြင်း အလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၅ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ဒီဇင်ဘာ ၅ ရက် မွန်းလွဲပိုင်းတွင် လှည်းကူးမြို့နယ် ရဲမွန်စံပြကျေးရွာသို့လည်းကောင်း၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံသုတေသနစင်တာသို့လည်းကောင်း၊ မြန်မာ့လက်မှုပညာစင်တာသို့လည်းကောင်း လေ့လာရေးခရီး သွားရောက်ကြမည် ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် တိုက်ကွမ်ဒို၊ ဘိလိယက်နှင့် စနူကာ အားကစားအဖွဲ့များ၏ လေ့ကျင့်နေမှု လိုက်လံကြည့်ရှုစစ်ဆေး



ရန်ကုန် ဒီဇင်ဘာ ၄

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့များ၏ လေ့ကျင့်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လူငယ်အားကစားလေ့ကျင့်ရေးစခန်းသုဝဏ္ဏရှိ တိုက်ကွမ်ဒိုလေ့ကျင့်ရေးရုံသို့ရောက်ရှိရာ အမျိုးသားတစ်ဦးချင်းတီထွင်ကကွက် (freestyle poomsae) တွင် ညီမင်းလွင်ကလည်းကောင်း၊ Recognized poomsae pair ကျား+မ နှစ်ဦး ပြိုင်ပွဲအတွက် ကောင်းဇင်ခန့်နှင့် အေးမြသူဇာတို့ကလည်းကောင်း၊ အတိုက်အားကစားနည်း ကီလို ၈၀ အောက် ပြိုင်ပွဲတွင် ဇော်လင်းထက်နှင့် ရှိုင်းထက်အောင်တို့ကလည်းကောင်း ပြသယှဉ်ပြိုင်ကစားနေမှုတို့ကို ကြည့်ရှုအားပေးသည်။

ထို့နောက် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)ရှိ မြန်မာနိုင်ငံ ဘိလိယက်နှင့်စနူကာအဖွဲ့ချုပ် လေ့ကျင့်ရေးခန်းမသို့ရောက်ရှိပြီး ဘိလိယက်အသင်းလိုက်ပြိုင်ပွဲတွင် ချီးမြှင့်မည့် ရွှေတံဆိပ်ဆုရရှိရေးအတွက် ဘိလိယက်နှစ်ယောက်တွဲပြိုင်ပွဲအနေဖြင့် ဦးပေါက်စက တစ်ဖက် မောင်အောင်ဌေးနှင့် မောင်နေသွေးဦးတို့ကတစ်ဖက် ယှဉ်ပြိုင်ကစားခဲ့ရာ မောင်အောင်ဌေးနှင့် မောင်နေသွေးဦးက သုံးပွဲ-တစ်ပွဲဖြင့် အနိုင်ရရှိသည်။

ယင်းနောက် စနူကာတစ်ဦးချင်းပြိုင်ပွဲတွင် မောင်ဝင်းကိုကိုနှင့် မောင်အောင်ဖြိုးတို့ ယှဉ်ပြိုင်ကစားရာ မောင်ဝင်းကိုကိုက သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ အခြားစနူကာတစ်ဦးချင်း ပြိုင်ပွဲတွင် မောင်မျိုးသူရအောင်နှင့် မောင်ကျော်ဝေယံစိုးတို့ ယှဉ်ပြိုင်ကစားရာ မောင်မျိုးသူရအောင်က သုံးပွဲ-တစ်ပွဲဖြင့်လည်းကောင်း အနိုင်ရရှိသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဘိလိယက်နှစ်ယောက်တွဲပြိုင်ပွဲတွင် ပထမရရှိသည့် မောင်အောင်ဌေးနှင့် မောင်နေသွေးဦးတို့အတွဲနှင့် ဒုတိယရရှိသွားသည့် ဦးပေါက်စတို့ကို ဂုဏ်ပြုဆုငွေများကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးနှင့် မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်ဥက္ကဋ္ဌတို့က စနူကာလက်ရွေးစင် အားကစားသမားများကိုလည်းကောင်း ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အုပ်ချုပ်/နည်းပြများနှင့် အားကစားသမားများကို ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ရန် နီးကပ်လာပြီဖြစ်သည့်အတွက် ကျန်းမာရေးကို အထူးဂရုစိုက်ပြီး လေ့ကျင့်မှုများပြုလုပ်ရာတွင် Injury မရရှိအောင် ဂရုစိုက်လေ့ကျင့်ကြရန်၊ သွားလာနေထိုင်စားသောက်ရေးကိစ္စရပ်များ၊ ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင် အောင်နိုင်ရေးကိစ္စရပ်များကို အဓိကထားဆောင်ရွက်စေလိုကြောင်း၊ အုပ်ချုပ်သူ/နည်းပြများ၏ စီမံကွပ်ကဲမှုများကို လေးစားလိုက်နာဆောင်ရွက်ကြစေလိုကြောင်း၊ ပြိုင်ပွဲယှဉ်ပြိုင်ကစားရာတွင် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ၏ ကိုယ်နှုတ်အမူအရာ အပြုအမူကောင်းများဖြင့် နိုင်ငံ့ဂုဏ်ကို မြင့်တက်စေရန် အမိနိုင်ငံတော်အတွက် ရွှေတံဆိပ်ဆုများ ဆွတ်ခူးရယူပေးနိုင်သည့် အားကစားသမားကောင်းများဖြစ်အောင် ကြိုးစားကြရန်နှင့် ရွှေတံဆိပ်ဆုရရှိသူများအား နိုင်ငံတော်က ထိုက်ထိုက်တန်တန် ဂုဏ်ပြုသကဲ့သို့ သက်ဆိုင်ရာ အားကစားအဖွဲ့ချုပ်များနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကလည်း ဂုဏ်ပြုချီးမြှင့်ငွေများကို ချီးမြှင့်သွားမည်ဖြစ်၍ ကြိုးစားကြစေလိုကြောင်းမှာကြားပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

သစ်တောသစ်ပင်၊ ချစ်ခင်တဲ့လူမျိုး၊ သစ်ပင်ကို နှစ်စဉ်စိုက်၊ ရွှေတိုက်ကိုစိုး။




ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ KK Park အပိုင်း(၃)အား ဖောက်ခွဲဖျက်ဆီးမှု။




ကရင်ပြည်နယ် မြဝတီမြို့အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူများ ဖမ်းဆီးရရှိသည့်နေရာ။

# KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ၂၉၇ လုံး ဖြိုချဖျက်ဆီးပြီးစီး၊ မြဝတီမြို့ အမှတ်(၃)ရပ်ကွက်တွင် တရားမဝင်အွန်လိုင်းလောင်းကစားမှုကျူးလွန်သူ ၂၄၈ ဦး ထပ်မံဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၄

မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုများ အများဆုံး အခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် မြဝတီ-မဲ့ထော်သလေး (KK Park) နယ်မြေများ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်း တာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် တရားမဝင် အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင် အဆောက်အအုံများအား စနစ်တကျ ဖြိုချဖျက်ဆီးခြင်းနှင့် ချိပ်ပိတ်သိမ်းဆည်းခြင်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ KK Park နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံ ၂၉၇ လုံးကို စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။



မြဝတီမြို့ တရားမဝင်အွန်လိုင်းလောင်းကစားဝင်းအတွင်း ထိန်းသိမ်းထားသူများကို တွေ့ရစဉ်။

ယနေ့တွင် မြဝတီ-မဲ့ထော်သလေး (KK Park) အပိုင်း (၃) နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံများဖြစ်သော နှစ်ထပ်အဆောက်အအုံ တစ်လုံး၊ သုံးထပ်အဆောက်အအုံ နှစ်လုံး၊ လေးထပ်အဆောက်အအုံ တစ်လုံး စုစုပေါင်း တရားမဝင်အဆောက်အအုံ လေးလုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် အပိုင်း(၃) နယ်မြေအတွင်းရှိ အဆောက်အအုံ ၄၂၅ လုံးအနက် ယနေ့အထိ ၁၄၉ လုံး ဖြိုချဖျက်ဆီးခဲ့ကြောင်းနှင့် KK Park နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးအနက် ၂၉၇ လုံးကို ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ် နယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် တရုတ်နိုင်ငံသား ၂၇၈ ဦးကိုလည်း ယနေ့တွင် မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေး တံတားမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးအပ်သည်။

အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသူများအား အင်တိုက်အားတိုက်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် ရှာဖွေဖမ်းဆီး အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီမြို့ရှိ လုံခြုံရေးပူးပေါင်းအဖွဲ့များက သတင်းအရ မြဝတီမြို့ဝန်းကျင်တွင် ရှောင်တခင်စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ အမှတ်(၃)ရပ်ကွက်တွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများကျူးလွန်လျက်ရှိကြသည့် တရုတ်နိုင်ငံသား ၂၅ ဦး၊ မြန်မာနိုင်ငံသား ၂၂၃ ဦးစုစုပေါင်း ၂၄၈ ဦးအား တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုများတွင် အသုံးပြုသည့် ကွန်ပျူတာမျိုးစုံ ၈၂ လုံး၊ မိုဘိုင်းဖုန်း ၉၂ လုံးနှင့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး အဆိုပါ ဖမ်းဆီးရမိသူများအား ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ အရေးယူဆောင်ရွက်သွားမည် ဖြစ်သည်။ ထို့ပြင် အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုလုပ်ငန်းများ နေထိုင်လုပ်ကိုင်ခဲ့ကြသည့် သုံးထပ် အဆောက်အအုံ ငါးလုံး၊ တစ်ထပ် အဆောက်အအုံ သုံးလုံး စုစုပေါင်း ရှစ်လုံးတို့အား စစ်ဆေးတွေ့ရှိခဲ့ရပြီး ပြန်လည်အသုံးချမှုမရှိစေရေး အတွက် သုံးထပ်အဆောက်အအုံ တစ်လုံးကို ယနေ့တွင် စတင်၍ စနစ်တကျဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဒီဇင်ဘာ ၄ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၂၉၄၅ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်း၊ ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၁၂၃၉ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၇၀၆ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝ အခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



မြဝတီမြို့၌ သိမ်းဆည်းရမိသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် ကွန်ပျူတာများနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။





KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် နှစ်ထပ်လူနေအဆောက်အအုံ မဖြိုဖျက်မီ(ဝဲပုံ)နှင့် ဖြိုဖျက်ပြီး(ယာပုံ)ကို တွေ့ရစဉ်။

## အုတ်တွင်းမြို့နယ်၌ ဆောင်းဆီထွက်သီးနှံ မြေပဲစိုက်ပျိုးထားရှိမှု တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု

အုတ်တွင်း ဒီဇင်ဘာ ၄

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် သမဝါယမဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်းဆီထွက်သီးနှံ မြေပဲစိုက်ပျိုးထားရှိမှု အခြေအနေများကို ဒီဇင်ဘာ ၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

### လမ်းညွှန်မှာကြား

ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် ပဲခူးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ချောစုလှိုင်နှင့် အဖွဲ့သည် ဝွေးတောက်ခင်ကျေးရွာ ရှမ်းစုစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းသား ၃၂ ဦး၏ စိုက်ဧက ၁၆၀ တွင် ဆောင်းဆီထွက်သီးနှံ မြေပဲစိုက်ပျိုးထားရှိမှုအခြေအနေ၊ ပန်းတိုင်အထွက်နှုန်းရရှိအောင် ဆောင်ရွက်သွားရန်နှင့် လာမည့်နွေစပါးစိုက်ရာသီတွင် အထွက်နှုန်းကောင်းသည့် ရေဆင်းပေါ်ဆန်း(၁)နှင့် ပေါ်ဆန်း(၂)တို့အား ပြောင်းလဲစိုက်ပျိုးရေးနည်းလမ်းကောင်းများကို ဆောင်ရွက်စေရေး တောင်သူများနှင့် တွေ့ဆုံ၍ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

ခင်ခင်မာ(ပြန်/ဆက်)

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းများပြည့်စုံမှန်ကန်စေရေး တစ်အိမ်တက်ဆင်း ကွင်းဆင်းဆောင်ရွက်

၂၀၂၅ ခုနှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဲဆန္ဒရှင်အမည်စာရင်းများ ဒုတိယအကြိမ် ကပ်ထားကြေညာပေးလျက်ရှိရာ ပြည်သူများ လာရောက်ကြည့်ရှုမှုအပြင် မိမိတို့မဲစာရင်းများ ပါ၊ မပါသိရှိနိုင်ရန် တာဝန်ရှိသူများက တစ်အိမ်တက်ဆင်းစနစ်ဖြင့် မဲစာရင်းများ တိုက်ဆိုင်စစ်ဆေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် အိမ်ထောင်စုလူဦးရေစာရင်းတွင် ပါဝင်သည့် အမည်စာရင်းနှင့် မဲစာရင်း၌ပါဝင်သည့်အမည်စာရင်း မှန်၊ မမှန်စိစစ်၍ မဲစာရင်း၌ မိမိအမည်မပါဝင်ပါက ပုံစံ(၃)ဖြင့်လည်းကောင်း၊ မဲစာရင်းတွင် အမည်စာရင်းမပါဝင်သင့်သူများ ပါဝင်နေပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ခြင်း၊ မဲစာရင်းပါအချက်အလက်များ မှားယွင်းနေပါက ပုံစံ (၄-က)ဖြင့် ပြင်ဆင်လွှာတင်သွင်းခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။



ဒေးဒရဲမြို့နယ်တွင် ဆောင်ရွက်စဉ်။ အေဇာလင်း



ပြင်ဦးလွင်မြို့တွင် ဆောင်ရွက်စဉ်။ ခရိုင်(ပြန်/ဆက်)



မူဆယ်မြို့တွင် ဆောင်ရွက်စဉ်။ ချယ်ရီမြေ(မူဆယ်)



ပွင့်ဖြူမြို့နယ်တွင် ဆောင်ရွက်စဉ်။ လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)



လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တွင် ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)



ပုသိမ်မြို့တွင် ဆောင်ရွက်စဉ်။ ခရိုင်(ပြန်/ဆက်)



တောင်ဥက္ကလာပမြို့နယ်တွင် ဆောင်ရွက်စဉ်။ ခင်ဆွေနှင်း(ပြန်/ဆက်)



ဇမ္ဗူသီရိမြို့နယ်တွင် ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)



သာစည်မြို့နယ်တွင် ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)



ဟိုပုံးမြို့နယ်တွင် ဆောင်ရွက်စဉ်။ ပအိုဝ်းဒေသ(ပြန်/ဆက်)



နမ့်စန်မြို့နယ်တွင် ဆောင်ရွက်စဉ်။ သူရအောင်(နမ့်စန်)



ဒေါပုံမြို့နယ်တွင် ဆောင်ရွက်စဉ်။ ချစ်စုဝေ(ပြန်/ဆက်)



ဗိုလ်တထောင်ခရိုင် ဒေါပုံမြို့နယ်တွင် လူစည်ကားရာ ဒေါပုံဈေးနှင့် မြို့မရဲစခန်းအရှေ့၌ ဒီဇင်ဘာ ၃ ရက်က မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထူးထက်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက "ဒို့အတူ မဲပေးကြမယ်" ဘေဘုတ်ကို အတူတကွစိုက်ထူကြစဉ်။ မြို့နယ်(ပြန်/ဆက်)



ရန်ကုန်တိုင်း ဒေသကြီး ခရမ်းမြို့နယ်၌ ဒီဇင်ဘာ ၄ ရက် မွန်းလွဲ ၃ နာရီခွဲက မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ရဲနှင့် တာဝန်ရှိသူများက မြို့နယ်လူစည်ကားရာနေရာ ၁၀ နေရာတွင် ပြည်သူအားလုံးပါဝင်၍ ဆန္ဒမဲပေးနိုင်ရေး အသိပညာပေးနှိုးဆော်သည့် "ဒို့အတူတူ မဲပေးကြမယ်" ဘေဘုတ်များ စိုက်ထူပေးစဉ်။ ခရမ်း(ပြန်/ဆက်)

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## BTS မှ RM ၏ ကိုယ်ပိုင်အနုပညာစုဆောင်းမှုပြပွဲကြီး ၂၀၂၆ ခုနှစ်တွင် ပြသမည်



ဘီတီအက်စ်အဖွဲ့ခေါင်းဆောင် အာရ်အမ်(ခေါ်)ကင်နမ်ဂျွန်သည် အိုင်ကျူမြင့်မားပြီး စာဖတ်ဝါသနာအပြင် ကိုယ်ပိုင်အနုပညာစုဆောင်းမှုလည်း ပြုလုပ်ခဲ့ရာမှ ပြပွဲကြီးတစ်ခုကို အမေရိကန်နိုင်ငံတွင် ၂၀၂၆ ခုနှစ်၌ ပြသမည်ဖြစ်သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အာရ်အမ်၏ ကိုယ်ပိုင်အနုပညာစုဆောင်းမှုပြပွဲကြီးကို အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကို မော်ဒန်အနုပညာပြတိုက် San Francisco Museum of Modern Art ၌ ၂၀၂၆ ခုနှစ်တွင် ပြသမည်ဖြစ်သည်။

အာရ်အမ်သည် စာဖတ်ဝါသနာပါကာ အလှူအတန်းလည်း ရက်ရောသူဖြစ်၍ ဝမ်သန်းပေါင်း ၁၀၀ စီကို နေရာငါးခုတွင် လတ်တလောလှူဒါန်းထားသည်။ ခေါင်းဆောင်တစ်ဦး၏ အရည်အချင်းနှင့် ပြည့်ဝသူဖြစ်၍ ဘီတီအက်စ်အဖွဲ့ကို ကောင်းစွာထိန်းသိမ်းနိုင်ပြီး ထိပ်ဆုံးမှ နေရာရယူထားသည်။

'အလုပ်ရှုပ်နေသည့်ကြားမှ အောင်မြင်လည်း ခေါင်းဆောင်များ ပြတိုက်ကို ဘာလို့ သွားတာလဲ'ဟူသည့် စာအုပ်ထဲတွင် အာရ်အမ်ကို ပြတိုက်ပုံမှန်သွား၍ စုဆောင်းသည့် လူငယ်ခေါင်းဆောင်အဖြစ် ဖော်ပြထားသည်။

(SKY)

## Full Metal Jacket ကို အတော်ဆုံးဒါရိုက်တာက ရိုက်ကူးထား

အမေရိကန်ဒါရိုက်တာများအနက် အတော်ဆုံးဒါရိုက်တာဟု သတ်မှတ်ခံရသည့် စတန်လေကူးဘရစ်က Full Metal Jacket ကို ရိုက်ကူးထားကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ရုပ်ရှင်ဇာတ်ကားမျိုးစုံရိုက်ခဲ့ပြီး အနုပညာနယ်ပယ်တွင် ထိပ်ဆုံးမှ အောင်မြင်ခဲ့သော ရုပ်ရှင်များနှင့် ၂၀ ရာစု ကမ္ဘာ့ရုပ်ရှင်၏ အရေးအပါဆုံးဖြစ်ခဲ့ကာ ရုပ်ရှင်သမိုင်းတွင် အကောင်းဆုံးဒါရိုက်တာ စတန်လေကူးဘရစ်ဖြစ်ခဲ့သည်။



စတန်လေကူးဘရစ်က IMDb ၏The Top 50 Greatest Directors of All Time စာရင်းတွင် ပထမ၊ အကီရာကူရိုသာဝါက ဒုတိယဖြစ်ခဲ့ကာ သူ မကွယ်လွန်မီ ရိုက်တင်ခဲ့သည့် Full Metal Jacket မှာ နောက်ဆုံးဇာတ်ကားဖြစ်ကာ Eyes Wide Shut နှင့် နှုတ်ဆက်သွားခဲ့သည်။

စတန်လေကူးဘရစ်၏ Dr Strangelove မှာ မာစတာပိစ် ဖြစ်ခဲ့ကာ သူ့တင်ဆက်ပုံမှာ ဘာမှမရှိသည့် ဇာတ်ကို ခေါင်းထဲစွဲကျန်ရစ်အောင် စွမ်းဆောင်နိုင်ခဲ့ပြီး သူ့ဇာတ်ကောင်ပြောခဲ့သည့် 'အဲ့ဒီလောကကြီးကို ရင်ဆိုင်နိုင်သွားတဲ့ လူတွေကတော့ အသက်နဲ့ကိုယ် အိုးစားမကွဲသွားတော့ဘူး'ဟူ၍ ဖြစ်သည်။

(SKY)

## Celine Dion ၏ ရင်ထဲ အနက်ရှိုင်းဆုံးနေရာတွင် ခင်ပွန်းဟောင်းရှိ

ကမ္ဘာကျော် တိုက်တန်းနစ်ဇာတ်ဝင်တေး အဆိုတော် စလင်းဒီယွန်၏ ရင်ထဲအနက်ရှိုင်းဆုံးနေရာတွင် လူတစ်ယောက်ရှိပြီး Talent Manager နှင့်အဆိုတော်၊ ခင်ပွန်းဟောင်း ရီနီအန်ဂျာလီဖြစ်ကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

စလင်းဒီယွန်နှင့် ရီနီအန်ဂျာလီတို့မှာ အသက် ၂၆ နှစ်ကွာပြီး ၁၂ နှစ်သမီးနှင့် စတွေ့ကာ အသံကောင်း၍ သီချင်းခွေထုတ်ရန် စီမံခန့်ခွဲပေးခဲ့သည်။ စလင်းဒီယွန်မှာ ကျောင်းကောင်းကောင်း မနေခဲ့ရဘဲ မွေးချင်း ၁၄ ယောက်တွင် အငယ်ဆုံးဖြစ်ပြီး သီချင်းခွေမှာ ရောင်းအားကောင်းကာ မိသားစုအဆင်ပြေခဲ့ကြသည်။



ရီနီအန်ဂျာလီကလည်း ကမ္ဘာကျော်ဖြစ်စေချင်ခဲ့၍ အင်္ဂလိပ်စာသင်ပြီး ၁၉၈၈ ခုနှစ်တွင် ဆွစ်ဇာလန်ကိုယ်စားပြု ဥရောပသီချင်းပြိုင်ပွဲ ဆုရှင်ဖြစ်ခဲ့ပြီး ရီနီအန်ဂျာလီကလည်း နောက်ကွယ်မှ ပံ့ပိုးပေးခဲ့သည်။ ဆိုနီက စလင်းဒီယွန်နှင့် မာရင်းကာရေးတို့နှစ်ဦး သီချင်းထုတ်၍ စာချုပ်ထားကာ ၁၉၉၃ တွင် နံပါတ်(၁)ရ၍ ၁၉၉၄ ၌ လက်ထပ်ပွဲအပြီးတွင် ဆက်လက်ပံ့ပိုးပေးခဲ့သည်။

စလင်းဒီယွန်၏ ပေါက်သီချင်းအားလုံးကို စီစဉ်ပေးသူ တတိယမြောက်ဇနီးသည်က ရင်ထဲအနက်ရှိုင်းဆုံးနေရာတွင် ခင်ပွန်းသည်ကို သိမ်းထားခဲ့ဟု ဆိုသည်။

(SKY)



## သွားဖုံးရောဂါနှင့် ဦးနှောက်ကျန်းမာရေး ဆက်နွယ်လျက်ရှိ

သွားဖုံးရောဂါရှိသော သက်ကြီးရွယ်အိုများကို ဦးနှောက်စကန်ဖတ်ရာတွင် အဖြူရောင်အစက်များ ပိုမိုရှိနိုင်ခြေများပြီး ၄င်းတို့သည် ဦးနှောက်အစိတ်အပိုင်းများကြား ဆက်သွယ်ပေးသည့် အာရုံကြောမျှင်များ ထိခိုက်ပျက်စီးမှုကို ပြသကြောင်း အမေရိကန်သုတေသီများ မကြာသေးမီက လေ့လာတွေ့ရှိခဲ့သည်။

ယင်းအဖြူရောင်အစက်များသည် မှတ်ဉာဏ်၊ ဟန်ချက်ညီမှုနှင့် လှုပ်ရှားမှုပေါင်းစပ်ညှိနှိုင်းမှုဆိုင်ရာ ပြဿနာများနှင့် ဆက်စပ်နေပြီး လေဖြတ်နိုင်ခြေကို မြင့်တက်စေနိုင်သည်ဟု ဆိုသည်။

လေ့လာမှုအသစ်တစ်ခုအရ သွားဖုံးရောဂါရှိသော အရွယ်ရောက်ပြီးသူများသည် ရောဂါမရှိသူများထက် ဦးနှောက်အတွင်း အဖြူရောင်တစ်သျှူးများ ထိခိုက်ပျက်စီးခြင်း လက္ခဏာများ ပိုမိုပြသနိုင်သည်ဟု သုတေသီများ သတိပေးထားကြသည်။

ဤတွေ့ရှိချက်များကို အောက်တိုဘာလထုတ် အမေရိကန် အာရုံကြောဆိုင်ရာ အကယ်ဒမီဂျာနယ်တွင် အသေးစိတ်ရှင်းလင်းတင်ပြထားကြောင်း သိရသည်။

(SCI)




## Follow ဇာတ်ကားတွင် မက္ကဆီကို သိုက်တူးသမားတစ်ဦးအကြောင်း ရိုက်ကူးထား

မက္ကဆီကိုမြို့တွင် သူငယ်ချင်းတစ်ဦးနှင့်အတူ နာမည်အမျိုးမျိုး၊ ဇာတ်ရုပ်အမျိုးမျိုး၊ ဘဝနောက်ခံအမျိုးမျိုးကို ဖန်တီးကာ ချမ်းသာသော အမျိုးသမီးများထံမှ သိုက်တူးစားသည့် သိုက်တူးသမားတစ်ဦးအကြောင်း Follow တွင် ရိုက်ကူးတင်ပြထားသည်။

ညီမဖြစ်သူနှင့်အတူ ဆင်းရဲစွာ လုပ်ကိုင်စားသောက်ရခြင်းမရှိလို၍ သိုက်တူးစားရင်း ညီမလေး၏အဖေမပေါ်သော ကိုယ်ဝန်အတွက်လည်း အိမ်လေးတစ်လုံးဝယ်ထားနိုင်ခဲ့သည်။

သိုက်တူးသမားအလုပ်ကို စွန့်လွှတ်ရန် ပြင်ဆင်နေချိန် ခြိမ်းခြောက်မှုနှင့် ဖိနှိပ်မှုအောက်တွင် ကြောက်ရွံ့စွာနေရသည့် မိန်းကလေးတစ်ဦးနှင့်တွေ့ပြီးနောက် ပြောင်းလဲသွားပုံကို အနုစိတ်ရိုက်ချက်များနှင့် ဇာတ်မြုပ်ကွက်များဖြင့် ရိုက်ကူးတင်ဆက်ထားသည်။

(SKY)

## Windmill ဇာတ်ကားမှာ စိတ်ဒဏ်ရာနှင့် ကြီးပြင်းခဲ့ရသည့်အကြောင်း ရိုက်ကူးထား

စိတ်ဒဏ်ရာများနှင့် ကြီးပြင်းခဲ့ရသည့် ကလေးတစ်ဦးက သူခံစားရသည့်အတိုင်း ပြစ်မှုကျူးလွန်တတ်ကြသလားဟူသော အဖြေကို Windmill ဇာတ်ကားတွင် ဖော်ပြထားကြောင်း ကိုရီးယားဘိုးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ငယ်စဉ်က ဖခင်၏ နှိပ်စက်ဆိုးသွမ်းမှုကြောင့် စိတ်ဒဏ်ရာရခဲ့သည့် လူငယ်လေးက ဖခင်ကဲ့သို့ ဘယ်တော့မှ ဖြစ်မလာစေရဟု စိတ်ဆုံးဖြတ်၍ လက်ဝှေ့သမားဖြစ်ရန် ကြိုးစားခဲ့သည်။

တစ်နေ့တွင် ဒုက္ခရောက်နေသည့် မိန်းကလေးကို ကယ်တင်စဉ် လူမိုက်အုပ်စုနှင့်ပတ်သက်မိရာမှ လက်ဝှေ့သမားဖြစ်ရန် စွန့်လွှတ်ပြီး အဘိုး၏ရောဂါကုသရန် လူမိုက်ဂိုဏ်းတွင် အလုပ်ဝင်ခဲ့ရာမှ ဘဝတစ်ဆစ်ချိုး အပြောင်းအလဲများနှင့် သူ့စိတ်ဒဏ်ရာခံစားရသည့်အတိုင်း ပြစ်မှုကျူးလွန်သူ မဖြစ်ရန် လွန်ဆွဲခဲ့ပုံများကို ရိုက်ကူးတင်ပြထားသည်။

(SKY)



# နိုင်ငံတကာ အားကစား သတင်းများ

## ကိုပါအီတာလီယာဖလား ကွာတားဖိုင်နယ်အဆင့်သို့ အတ္တလန်တာအသင်းတက်ရောက်



**တူရင် ဒီဇင်ဘာ ၄**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ကိုပါအီတာလီယာဖလား ကွာတားဖိုင်နယ်အဆင့်သို့ အတ္တလန်တာအသင်းတက်ရောက်နိုင်ခဲ့သည်။

အတ္တလန်တာအသင်းသည် ကိုပါအီတာလီယာဖလား ၁၆ သင်း ရှုံးထွက်အဆင့်ပွဲစဉ်တွင် ဂျီနိုအာအသင်းကို လေးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

အတ္တလန်တာအသင်းသည် ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ကိုပါအီတာလီယာဖလား ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် လာမည့် ဖေဖော်ဝါရီ ၅ရက်တွင် ဂျူဗင်တပ်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ကိုပါအီတာလီယာဖလား ချန်ပီယံဆုကို ဆွတ်ခူးရန် အတ္တလန်တာအသင်း၊ ဂျူဗင်တပ်အသင်းနှင့် အင်တာမီလန်အသင်းတို့က ရေပန်းစားလျက်ရှိသည်။

(ဝဲပုံ)

(NGB)

0-0-0-0-0-0-0

## ဆာချာဘိုအီ၏ ပြောင်းရွှေ့ကြေးကို ယူရို ၁၅ သန်းအဖြစ် ဘိုင်ယန်မြူးနစ်အသင်း သတ်မှတ်

**မြူးနစ် ဒီဇင်ဘာ ၄**

ဘွန်ဒက်လီဂါကလပ် ဘိုင်ယန် မြူးနစ် အသင်းသည် အသင်း နောက်ခံကစားသမား ဆာချာဘိုအီ၏ ပြောင်းရွှေ့ကြေးကို ယူရို ၁၅ သန်းအဖြစ် သတ်မှတ်လိုက်ပြီ ဖြစ်သည်။

အသက်(၂၅)နှစ်အရွယ်ရှိ နောက်ခံကစားသမားကို လက်ရှိအချိန်တွင် ခရစ္စတယ်ပဲလေ့စ်အသင်းက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

နောက်ခံကစားသမား ဆာချာဘိုအီသည် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၆ ပွဲကစားပြီး တစ်ဂိုး သွင်းယူထားသည်။

ဘိုင်ယန်မြူးနစ်အသင်းကလည်း ဆာချာဘိုအီအတွက် ၄င်းတို့ သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးအတိုင်း ပေးချေမည့် မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် ခရစ္စတယ်ပဲလေ့စ်အသင်းအနေဖြင့် ဘိုင်ယန်မြူးနစ်အသင်းမှ သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးအတိုင်း ဆာချာဘိုအီကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(အောက်ပုံ) (NGB)



## နည်းပြ ဂယ်လ်ရီအိုနေးကို နည်းပြသစ်အဖြစ်ခန့်အပ်ရန် လိဒ်စ်အသင်း စီစဉ်

**လန်ဒန် ဒီဇင်ဘာ ၄**

ပရီးမီးယားလိဂ်ကလပ် လိဒ်စ်အသင်းသည် လက်ရှိအချိန်တွင် ရလဒ်များဆိုးရွားနေခြင်းကြောင့် အသင်းနည်းပြ ဒန်နီရယ်ဖာကီအား ရာထူးမှ ထုတ်ပယ်ပြီး နည်းပြ ဂယ်လ်ရီအိုနေးအား နည်းပြသစ်အဖြစ် ခန့်အပ်ရန် စီစဉ်လျက်ရှိသည်။

အသက်(၄၂)နှစ်အရွယ်ရှိ နည်းပြ ဂယ်လ်ရီအိုနေးသည် ဘုန်းမောက်၊ ဝုဖ်စသည့် ပရီးမီးယားလိဂ်ကလပ်အသင်းများကို ကိုင်တွယ်ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် လိဒ်စ်အသင်းက နည်းပြသစ်အဖြစ် ခန့်အပ်ရန် စီစဉ်လာခြင်းဖြစ်သည်။

နည်းပြ ဂယ်လ်ရီအိုနေးကလည်း လက်ရှိအချိန် အသင်းလက်မဲ့ဖြစ်နေခြင်းကြောင့် လိဒ်စ်အသင်း၏ ကမ်းလှမ်းလာမှုကို လက်ခံသွားဖွယ်ရှိကြောင်းလည်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် နည်းပြ ဂယ်လ်ရီအိုနေးကို လိဒ်စ်အသင်း နည်းပြသစ်အဖြစ် မြင်တွေ့ရမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည်ဖြစ်သည်။

(အောက်ပုံ) (NGB)





## ဂျာမန်ပိုကယ်ဖလား ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များမဲခွဲပွဲကို လာမည့် ဒီဇင်ဘာ ၇ ရက်တွင် ပြုလုပ်သွားမည်

**မြူးနစ် ဒီဇင်ဘာ ၄**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ဂျာမန်ပိုကယ်ဖလား ၁၆ သင်း ရှုံးထွက်အဆင့် ပွဲစဉ်များ မဲခွဲပွဲကို လာမည့် ဒီဇင်ဘာ ၇ ရက်တွင် ပြုလုပ်သွားမည်ဖြစ်သည်။

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ဂျာမန်ပိုကယ်ဖလားကွာတားဖိုင်နယ်အဆင့်သို့ စိန့်ပေါလီ၊ ဟာသာဘာလင်၊ လေဗာကူဆင်၊ လိုက်ပဇစ်၊ စတုဂတ်၊ ဖရိုင်းဘတ်၊ ဟိုဖင်ဟိမ်း၊ ဘိုင်ယန်မြူးနစ် စသည့်အသင်းများ တက်ရောက်နိုင်ခဲ့သည်။

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ဂျာမန်ပိုကယ်ဖလား ကွာတားဖိုင်နယ်ပွဲစဉ်များကို ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ (၃၊ ၄)ရက်၊ ဖေဖော်ဝါရီ (၁၀၊ ၁၁)ရက်တို့တွင် ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ဆီမီးဖိုင်နယ်ပွဲစဉ်ကို ဧပြီ (၂၁၊ ၂၂)ရက်၊ ဗိုလ်လုပွဲစဉ်ကို မေ ၂၃ ရက်တို့တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ဂျာမန်ပိုကယ်ဖလား ချန်ပီယံဆုအား ဆွတ်ခူးရန် ဘိုင်ယန်မြူးနစ်အသင်းနှင့် လေဗာကူဆင်အသင်းတို့က ရေပန်းစားလျက်ရှိသည်။

(အပေါ်ပုံ)

(NGB)

## အော်လ်မို ပခုံးဒဏ်ရာကြောင့် တစ်လခန့် အနားယူရဖွယ်ရှိ

**ဘာစီလိုနာ ဒီဇင်ဘာ ၄**

ဘာစီလိုနာအသင်း ကွင်းလယ်တိုက်စစ်ကစားသမား အော်လ်မိုသည် ပခုံးဒဏ်ရာကြောင့် တစ်လခန့် အနားယူရဖွယ်ရှိနေသည်။

အဆိုပါ ကွင်းလယ်တိုက်စစ်ကစားသမားသည် စပိန်လာလီဂါပွဲစဉ်အဖြစ် ဘာစီလိုနာအသင်းက အက်သလက်တီကိုမက်ဒရစ်အသင်းကို သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်တိုက်စစ်ကစားသမား အော်လ်မို ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ဘာစီလိုနာအသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၇)နှစ်အရွယ်ရှိ ကွင်းလယ်တိုက်စစ်ကစားသမား အော်လ်မိုသည် ဘာစီလိုနာအသင်းနှင့်အတူ ၂၀၂၄-၂၀၂၅ မှ ၂၀၂၅- ၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၅၅ ပွဲကစားပြီး ၁၅ဂိုး သွင်းယူပြီး ခြေစွမ်းပြထားသည်။ (အောက်ပုံ) (NGB)



## ရာမိုစ်ကို ခေါ်ယူရန် အေစီမီလန်အသင်း စိတ်ဝင်စား

**မီလန် ဒီဇင်ဘာ ၄**

အေစီမီလန်အသင်းသည် မက္ကဆီကိုကလပ် မွန်တာရေးအသင်းနှင့် လမ်းခွဲတော့မည့် ဝါရင့် နောက်ခံကစားသမား ရာမိုစ်ကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၃၉)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် အသက်အရွယ်ပိုင်းရရှိနေပြီဖြစ်သော်လည်း ခြေစွမ်းပိုင်းကျဆင်းခြင်းမရှိသေးသည့်အပြင် မွန်တာရေးအသင်းနှင့်လည်း ၂၀၂၄-၂၀၂၅မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၂ ပွဲကစားပြီး ခုနစ်ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အေစီမီလန်အသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

နောက်ခံကစားသမား ရာမိုစ် ကိုယ်တိုင်ကလည်း အေစီမီလန်အသင်း၏ ကမ်းလှမ်းလာမှုကို လက်ခံစဉ်းစားသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် အေစီမီလန်အသင်းအနေဖြင့် ဆောင်းရာသီ ဈေးကွက်အတွင်းတွင် ရာမိုစ်ကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

(NGB)

### အရှေ့တောင်အာရှ ဆီးဂိမ်း ယူ-၂၂ အမျိုးသားဘောလုံးပြိုင်ပွဲ နိုင်ငံကမ္ဘာ

| ရက်/အချိန် | အုပ်စု | ပွဲစဉ် |
|---|---|---|
| ၅-၁၂-၂၀၂၅ ညနေ၅း၃၀နာရီ | C | မြန်မာ - ဖိလစ်ပိုင် |

### အရှေ့တောင်အာရှ ဆီးဂိမ်း အမျိုးသမီးဘောလုံးပြိုင်ပွဲ နိုင်ငံကမ္ဘာ

| ရက်/အချိန် | အုပ်စု | ပွဲစဉ် |
|---|---|---|
| ၅-၁၂-၂၀၂၅ ညနေ၃း၃၀နာရီ | B | မြန်မာ - ဖိလစ်ပိုင် |
| ၅-၁၂-၂၀၂၅ ညနေ၆း၀၀နာရီ | B | ဗီယက်နမ် - မလေးရှား |

### ပြင်သစ် လီဂူး ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၅) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၆-၁၂-၂၀၂၅ နံနက်၀၀း၃၀နာရီ | ဘရက် - မိုနာကို (L,D,L,W,W) (W,L,L,D,W) | ဘရက် ၂-၁ မိုနာကို<br>မိုနာကို ၃-၂ ဘရက် |
| ၆-၁၂-၂၀၂၅ နံနက်၀၂း၃၀နာရီ | လိုင်လီ - မာဆေးလ် (L,L,W,W,W) (L,W,W,W,D) | လိုင်လီ ၁-၁ မာဆေးလ်<br>မာဆေးလ် ၁-၁ လိုင်လီ |

### စပိန် လာလီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၅) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၆-၁၂-၂၀၂၅ နံနက်၀၂း၃၀နာရီ | အိုဗီဒို - မာယော့ကာ (L,D,L,D,L) (L,W,L,D,W) | အိုဗီဒို ၂-၂ မာယော့ကာ<br>မာယော့ကာ ၀-၀ အိုဗီဒို |

### ဂျာမန် ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၃) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၆-၁၂-၂၀၂၅ နံနက်၀၂း၀၀နာရီ | မိန့်စ် - ဂလာဘတ် (L,W,L,D,L) (L,W,W,D,W) | မိန့်စ် ၁-၁ ဂလာဘတ်<br>ဂလာဘတ် ၁-၃ မိန့်စ် |

### အင်္ဂလိပ် ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၉) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၆-၁၂-၂၀၂၅ နံနက်၀၂း၃၀နာရီ | ဟူးလ်စီးတီး - မစ်ဒယ်ဘရော့ (L,W,L,L,W) (D,W,D,L,W) | ဟူးလ်စီးတီး ၀-၁ မစ်ဒယ်ဘရော့<br>မစ်ဒယ်ဘရော့ ၃-၁ ဟူးလ်စီးတီး |



## မဲဆန္ဒရှင်စာရင်းများ တိကျမှန်ကန် ပြည့်စုံမှုရှိနိုင်ရေး (Door to Door) စနစ်ဖြင့် မြေပြင်ကွင်းဆင်းကြည့်ရှုစစ်ဆေး

**မြစ်သား ဒီဇင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီးအစိုးရ အဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦးသည် ကျောက်ဆည်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဟိန်းအောင်၊ မြစ်သားမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်နှင့် အဖွဲ့ဝင်များ၊ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ လိုက်ပါ၍ မြစ်သားမြို့နယ်အတွင်းရှိ ရေဝန်းကျေးရွာအုပ်စု၊ ရွာရှည်ကျေးရွာအုပ်စု၊ ရွာသစ်ကျေးရွာအုပ်စု၊ ကသဲကုန်းကျေးရွာအုပ်စု၊ လက်ပံဆိပ်ကျေးရွာအုပ်စုများနှင့် မြို့ပေါ်ဘူတာ ရပ်ကွက်ကြီးသို့ ဒီဇင်ဘာ ၃ ရက် မွန်းလွဲ ၁၂ နာရီခွဲက ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအပိုင်း (၃)တွင် မဲပေးနိုင်ရေးအတွက် မဲစာရင်းဆိုင်ရာ မှန်ကန်ပြည့်စုံနိုင်ရေး (Door to Door)စနစ်ဖြင့် မြေပြင်ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါ ကျေးရွာအုပ်စုများနှင့် ရပ်ကွက်များသို့ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး မြို့နယ်ဦးစီးမှူးနှင့် တိုက်နယ်မှူးများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူးများ၊ ရပ်ကွက်၊ ကျေးရွာကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ရွေးကောက်ပွဲဆိုင်ရာ မဲဆန္ဒရှင်ပြည်သူများ၏ စာရင်းများမှန်ကန်စွာ ပြုစုနိုင်ရေး၊ မဲစာရင်းပါဝင်နိုင်ရေး၊ မဲစာရင်းအတိုး၊ အလျှော့များစနစ်တကျ ဆောင်ရွက်နိုင်ရေး၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ စာရင်းကျန်ရှိမှုမရှိစေရေး၊ စာရင်းကွာဟမှုမရှိစေရေး(Door to Door)စနစ်ဖြင့် မဲစာရင်းကောက်ယူလျက်ရှိပြီး မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး မဲစာရင်းများ မှန်ကန်စေရေးအတွက် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

## မြို့နယ်အဆင့် လူရည်ချွန်ရွေးချယ်စာမေးပွဲ ကျင်းပ

**ကျေးသီး ဒီဇင်ဘာ ၄**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ ကျေးသီးမြို့နယ်တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မြို့နယ်အဆင့် လူရည်ချွန်ရွေးချယ်စာမေးပွဲကို ဒီဇင်ဘာ ၃ ရက် နံနက် ၉ နာရီက ကျေးသီးမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာစာဘာသာ၊ အင်္ဂလိပ်စာဘာသာ၊ အထွေထွေဗဟုသုတနှင့် လူတွေ့နှုတ်ဖြေ ဖြေဆိုရမည်ဖြစ်ရာ မြို့နယ်အတွင်းရှိ အ·ထ·က (ကျေးသီး၊ မိုင်းနောင်၊ ဝမ်ဆင်း) ကျောင်းများမှ Grade - 9 မှ Grade-12 အထိ ကျောင်းသား၊ ကျောင်းသူစုစုပေါင်း ၁၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး တာဝန်ရှိ ဆရာ၊ ဆရာမများက ပြိုင်ပွဲစည်းမျဉ်း၊စည်းကမ်းများနှင့်အညီ စနစ်တကျ ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



(ဝဲပုံ)

**မြို့နယ်(ပြန်/ဆက်)**

## ကျောက်ဆည်မြို့နယ်၌ စားအုန်းဆီတစ်ပိသာလျှင် ငွေကျပ် ၇၄၃၀ ဖြင့် ကျေးရွာအရောက် ရောင်းချပေး

**ကျောက်ဆည် ဒီဇင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်းမှ ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သားမြို့နယ်များအတွင်း နေထိုင်ကြသော ပြည်သူများ စားအုန်းဆီများ ဝယ်ယူသုံးစွဲရာတွင် အဆင်ပြေစေရေးအတွက် စဉ်ဆက်မပြတ် ရောင်းချပေးလျက်ရှိရာ ဒီဇင်ဘာ ၃ ရက် နံနက်ပိုင်းက ကျောက်ဆည်မြို့နယ်မှ ကျေးရွာသုံးရွာသို့ စားအုန်းဆီတစ်ပိသာလျှင် ငွေကျပ် ၇၄၃၀ ဖြင့် ကျေးရွာအရောက် ရောင်းချပေးပြီး အခြေခံစားသောက်ကုန်များ ဝယ်ယူသုံးစွဲရာ၌ အထောက်အကူပြုစေရန်အတွက် စားအုန်းဆီများကို ဈေးနှုန်းချိုသာစွာဖြင့် စဉ်ဆက်မပြတ် ရောင်းချပေးလျက်ရှိရာ ဒီဇင်ဘာ ၃ ရက် နံနက်ပိုင်းက ကျောက်ဆည်ခရိုင်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများတွင် စားအုန်းဆီများ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိသည်။



ထိုသို့ရောင်းချရာ၌ ကျောက်ဆည်ခရိုင် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်အသင်း၏ အသင်းဝင် စားသုံးဆီ လက်လီ၊ လက်ကားအရောင်းဆိုင်များဖြစ်သည့် ဒေါ်စန်းစန်းငွေ(နေလသုခ)ဆီအရောင်းဆိုင်မှ ကျောက်ဆည်မြို့နယ်၊ ပဥ္စူခြံ၊ ရွာပုလဲ၊ ဆူးလေကုန်းကျေးရွာ ပြည်သူများအတွက် စားအုန်းဆီပိသာ ၄၄၀ ကို ရောင်းချပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(၄၈၅)

## National ICT Awards - 2025 (Education Project Skill Competition) (တိုင်းအဆင့်) ပြိုင်ပွဲများ ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၄**

ပညာရေးဝန်ကြီးဌာန၊မန္တလေးတိုင်းပညာရေးမှူးရုံးက ကြီးမှူးကျင်းပသော National ICT Awards - 2025 (Education Project Skill Competition) (တိုင်းအဆင့်)ပြိုင်ပွဲကို ယမန်နေ့ နံနက် ၉ နာရီခွဲက မန္တလေး၊ အောင်မြေသာစံမြို့နယ် အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသည်။

Computer Skill ပြိုင်ပွဲတွင် မူလတန်း ကျောင်းသား၊ ကျောင်းသူ ၁၀ဦး၊ Education Project Skill ပြိုင်ပွဲတွင် ဆရာ၊ ဆရာမအဖွဲ့သုံးဖွဲ့တို့ ပါဝင်ယှဉ်ပြိုင်ကြရာ တိုင်းဒေသကြီး ပညာရေးမှူး ဦးကျော်မိုးထွန်း၊ ညွှန်ကြားရေးမှူး (ပညာ)ဦးအောင်ဆွေဦး၊ မန္တလေးတိုင်းဒေသကြီး၊ကွန်ပျူတာပညာရှင်အသင်းဥက္ကဋ္ဌ ဦးနေဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူး ဦးမိုးနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါပြိုင်ပွဲများကို ဒီဇင်ဘာ ၁ ရက် မွန်းလွဲပိုင်းတွင် အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၁ ဦးကလည်းကောင်း၊ ဒီဇင်ဘာ ၂ ရက်တွင် အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူများကလည်းကောင်း Computer Skill ပြိုင်ပွဲတွင် ဆက်လက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)**

**(ဝ၉၃)**



## တစ်အိမ်တက်ဆင်း မြေပြင်ကွင်းဆင်း စာရင်းကောက်ယူ

**မင်းဘူး ဒီဇင်ဘာ ၄**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်၊ မင်းဘူး(စကု) မြို့နယ်၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ပြည်သူများ အချက်အလက် ပြည့်စုံမှန်ကန်မှုရှိစေရေးအတွက် တစ်အိမ်တက်ဆင်း (Door to Door) မြေပြင်ကွင်းဆင်း စာရင်းကောက်ယူ တိုက်ဆိုင်စစ်ဆေးခြင်းများကို ဒီဇင်ဘာ ၂ ရက်တွင် ဆက်လက်စာရင်းကောက်ယူလျက်ရှိသည်။

ထိုသို့ စာရင်းကောက်ယူရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် အဖွဲ့ဝင်များ မြေပြင်ကွင်းဆင်းစစ်ဆေးရာ မင်းလှကျင်းကျေးရွာ၊ ဇီးအိုင်ကျေးရွာ၊ ဆင်ခေါင်းကျေးရွာ၊ ကုန်းသာကျေးရွာ၊ ကန်ရေကျေးရွာ၊ ကြီးပင်ကန်ကျေးရွာ၊ ကံကုလားကျေးရွာ၊ ကံသစ်ကျေးရွာ၊ ကုလားပါးကျေးရွာ၊ ကျောက်စံကျေးရွာ၊ မန်းကျိုးကျေးရွာ၊ မယ်ဘော့ကုန်းကျေးရွာများအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ လ·ဝ·က၏ (ဖဖ/ဖ)အရ မဲစာရင်း ပါဝင်ခြင်းရှိ၊ မရှိစိစစ်ခြင်း အိမ်ထောင်စုအလိုက် ရပ်ကွက်/ကျေးရွာအုပ်စု နေအိမ်များသို့ (Door to Door) မြေပြင် ကွင်းဆင်းစစ်ဆေးခြင်းနှင့် နိုင်ငံသားတိုင်း မဲပေးပိုင်ခွင့် အခွင့်အရေးများ ပြည့်စုံစွာရရှိရေးတို့ဖြစ်သည်။

ထို့အပြင် မဲပေးခြင်းသည် နိုင်ငံသားများမှ အမျိုးသားရေးတာဝန်ထမ်းဆောင်ခြင်းဖြစ်သည့်အတွက် မဲစာရင်းများကို အိမ်တိုင်ရာရောက် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

(၅၀၄)

## ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းခင်းပြီးစီး၍ သွားလာရေးအဆင်ပြေ

**ကျွန်းလှ ဒီဇင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ်၊ အင်းကောင်းကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းခင်းပြီးစီး၍ သွားလာရေးအဆင်ပြေလျက်ရှိသည်။

"ကျွန်တော်တို့ အင်းကောင်းကျေးရွာမှာ ကျေးရွာတွင်း လမ်းမကြီး ငါးလမ်း၊ လမ်းသွယ်-၁၁ လမ်း ရှိပါတယ်။ ကျေးရွာမှာ ကျွန်းလှမြို့နဲ့ ပတ်ဝန်းကျင်ကျေးရွာများနဲ့ ထိစပ်လျက်ရှိပြီး ရဟန်းရှင်လူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ သွားလာရေးအဆင်ပြေပြီး ရေစီးရေလာကောင်းမွန်စေရန် အလှူရှင်များရဲ့လှူဒါန်းမှု၊ ကျေးရွာနေပြည်သူများရဲ့ လုပ်အားနဲ့ ကျေးရွာတွင်း လမ်းများပြုပြင်ခြင်း၊ တံတားများအဆင့်မြှင့်တင်တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်"ဟု ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်က ပြောသည်။ **(အောက်ပုံ)**

အဆိုပါ ကျေးရွာတွင်း ကွန်ကရစ်လမ်း အရှည် ပေ ၈၀၊ အကျယ် ၁၂ ပေ၊ ထု ၉ လက်မ ခင်းခြင်းကို အလှူရှင်များ၏ လှူဒါန်း ငွေကျပ် သိန်း ၆၀ ကျော်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(၄၈၀)



## မဲစာရင်းများမှန်ကန်စေရေး (Door to Door) စနစ်ဖြင့် ကွင်းဆင်းဆောင်ရွက်



**ကျောက်ဆည် ဒီဇင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထိုက်ထိုက်ဇော်နှင့် တာဝန်ရှိသူများသည် ဒီဇင်ဘာ ၃ ရက် နံနက် ၁၀ နာရီက ကျေးရွာများသို့ ကွင်းဆင်း၍ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်တွင် မဲစာရင်းများ မှန်ကန်စေရေး(Door to Door) ကွင်းဆင်းဆောင်ရွက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ **(ဝဲပုံ)**

မဲစာရင်းများ မှန်ကန်စေရေး (Door to Door)စနစ်ဖြင့် ကွင်းဆင်းဆောင်ရွက်ခြင်းကို ကျောက်ဆည်မြို့နယ်၊ ဟံမြင့်မိုရ်ကျေးရွာအုပ်စု၊ ပုန်းညက်ကျေး ကျေးရွာအုပ်စု(ဈေးရွာကျေးရွာ)၊ သမန္တလင်း ကျေးရွာအုပ်စုများတွင် ဆောင်ရွက်ခဲ့သည်။ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဦးစီးအရာရှိ ဒေါ်နွဲ့နွဲ့ခိုင်၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နှင်းယုသင်းနှင့်အဖွဲ့ဝင်များ၊သက်ဆိုင်ရာကျေးရွာမှ အုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ ပူးပေါင်းဆောင်ရွက်ပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးနှင့် ဝန်ထမ်းများက 'ဒို့အတူတူမဲပေးကြမယ်' လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(၄၈၅)

## ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ (အခြေခံ)သင်တန်းဆင်း

**မိတ္ထီလာ ဒီဇင်ဘာ ၄**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့တွင် အသက်သုံးနှစ်မှ ငါးနှစ် ရှေးဦးအရွယ် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ(အခြေခံ)သင်တန်းဆင်းပွဲကို ပေါက်ချောင်းရပ်ကွက်ရှိ လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်းခန်းမတွင် ဒီဇင်ဘာ ၃ နံနက် ၉ နာရီက ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးကျော်ဇေယျက သင်တန်းဆင်းအမှာစကားပြောကြားပြီး ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စောနှင်းဦးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ သင်တန်းတွင် ထူးချွန်ဆုရရှိခဲ့သူများကို ခရိုင်စီမံခန့်ခွဲ ရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင် ဦးကျော်ဇေယျ၊ မိတ္ထီလာမြို့ အထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာဝင်းမင်းသီရိနှင့် ခရိုင်စိုက်ပျိုးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန္ဒာလင်းတို့က လည်းကောင်း၊ ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန ခရိုင်ဦးစီးမှူးက သင်တန်းဆင်းဂုဏ်ပြု မှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ရာ သင်တန်းသား၊ သင်တန်းသူများ ကိုယ်စား သင်တန်းသားတစ်ဦးက လက်ခံရယူပြီး သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။ အဆိုပါသင်တန်းကို နိုဝင်ဘာ ၁၀ ရက်မှ စတင်ဖွင့်လှစ်ပြီး သင်တန်းကာလ ၂၁ ရက်တာ ကြာမြင့်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

(၄၅၃)




## မဟာမြိုင်(၁)ရပ်ကွက် ဘုံဆွမ်းလောင်းအသင်း (၃၇)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူ



**မန္တလေး ဒီဇင်ဘာ ၄**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်ပြည်သူများ ဘုံဆွမ်းလောင်းအသင်း၏ (၃၇)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူပွဲကို ယနေ့နံနက် ၅ နာရီခွဲက ၃၅လမ်းနှင့် ၆၉လမ်းထောင့်တွင် ကျင်းပသည်။

ဘုံဆွမ်းလောင်းလှူရာတွင် လေးပြင်လေးရပ်မှ ကြွရောက်တော်မူလာကြသော သံဃာတော်နှင့် သာမဏေ အပါး ၃၅၀ ကျော်အား ဆွမ်း၊ ကြက်သားဟင်း၊ ရွှေဖရုံသီးနှပ်၊ သရက်ချဉ်သုပ်၊ ဆပ်ပြာမှုန့်ထုပ်နှင့် သံဃာတော်နှင့် သာမဏေတစ်ပါးလျှင် နဝကမ္မဝတ္ထုငွေကျပ် ၁၀၀၀ စီကို လောင်းလှူကြပြီး နဝကမ္မဝတ္ထုငွေကျပ် ၁၂၀၀၀၀ နှင့် သင်္ကန်း ၁၂ စုံတို့ကို စာရေးတံမဲဖောက်၍ ဘုံဆွမ်းလောင်းအသင်း တည်ထောင်သူ ဦးနေမင်းဦး+ဒေါ်ယုယုဇော်(ပီတိသုခမိသားစု)၊ ဝက်သားအလှူရှင် ဦးမျိုးဝင်း+ဒေါ်အိအိချော(ကောင်းထက်မဟာနှင့် ကာဗာတိုင်းပြည်မိသားစုများ)၊ ဦးအောင်သန်းလှိုင်+ဒေါ်နန်းနီနီဝင်းမိသားစု၊ ဦးရုံးရွှေ+ဒေါ်မိုးသန္တာအောင်(ရွှေသစ်ပင်ဟိုတယ်မိသားစု)၊ ဦးသာအေး+ဒေါ်တင်ရီတို့အား ရည်စူး၍ ဦးသိန်းတန်နှင့် သားသမီးမြေးတစ်စု၊ ဦးမြင့်လွင်+ဒေါ်ခင်ချိုဝင်းမိသားစု၊ ဦးချိန်စီ+ဒေါ်တွမ်ဟိုက်လန့်တို့အား အမှူးထား၍ မောင်ကျော်သက်ဦးနှင့်မောင်နှမတစ်စု၊ ဦးရိမ်ပါထိုင်+ဒေါ်သွယ်သွယ်လှတို့အား ရည်စူး၍ ဦးပြည့်စုံကိုကိုနှင့် ညီအစ်ကိုမောင်နှမတစ်စု၊ ဦးဇော်ထွန်း+ဒေါ်နန်းရတနာမိုး(ပန်တော်ဦး အမျိုးသမီးအဆောင်မိသားစု)၊ နန်းဦးတိုက်၊ ဝါဆိုကျောင်းဆရာတော် ဘဒ္ဒန္တကုသမ၊ ဦးလေးမောင်+ဒေါ်ညိုတို့အား ရည်စူး၍ ဦးခင်မောင်ဝင်း+ဒေါ်အေးအေးဆွေနှင့်သားသမီးမြေးတစ်စု၊ ရပ်ကွက်နေပြည်သူများ၊ ဘုံဆွမ်းလောင်းအသင်းသား၊ အသင်းသူများက လောင်းလှူခဲ့ကြသည်။

အဆိုပါ ဘုံဆွမ်းလောင်းအသင်းသည် လစဉ် မြန်မာလဆန်း ၁ ရက်နေ့များတွင် သိပ္ပံလမ်းနှင့် ၆၈လမ်းထောင့်တွင် လည်းကောင်း၊ လစဉ် လပြည့်နေ့များတွင် ၃၅လမ်းနှင့် ၆၉လမ်းထောင့်တွင်လည်းကောင်း ဘုံဆွမ်းလောင်းလှူလျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

(ဝ၄ဝ)

## မန္တလေးဈေးကွက်အတွင်းသို့ ခရမ်းချဉ်သီးအဝင်နည်းပါးခြင်းကြောင့် ဈေးနှုန်းမြင့်တက်လာ

**မန္တလေး ဒီဇင်ဘာ ၄**

မန္တလေးဈေးကွက်အတွင်းသို့ ရှမ်းပြည်နယ်တောင်ပိုင်းမှ ခရမ်းချဉ်သီးများ ဝင်ရောက်မှုနည်းပါးခြင်းကြောင့် ဈေးနှုန်းမြင့်တက်လာကြောင်း သီရိမာလာကုန်စိမ်းလက်ကားဈေးအတွင်းရှိ ပွဲရုံများထံမှ သိရသည်။ **(အောက်ပုံ)**

ခရမ်းချဉ်သီးတစ်ပိဿာ လက်ကားဈေးနှုန်းမှာ ယခင်က ငွေကျပ် ၂၇၀၀-၃၀၀၀ ဝန်းကျင်မှ ယခုအခါ ငွေကျပ် ၄၀၀၀-၅၀၀၀အထိ မြင့်တက်လာသည်။

'ဒီအချိန်က ဈေးနှုန်းတက်နေကျအချိန်ဖြစ်ပြီး နယ်ပေါင်းစုံကလည်း ခရမ်းချဉ်သီးတွေက မထွက်သေးတာကြောင့် ဈေးကွက်ထဲမှာ ပစ္စည်းနည်းပြီး ဈေးနှုန်းတွေ မြင့်တက်လာတာဖြစ်ပါတယ်'ဟု ခရမ်းချဉ်သီးပွဲရုံပိုင်ရှင်တစ်ဦးက ပြောသည်။

ခရမ်းချဉ်သီးဈေးနှုန်းများမှာ နိုဝင်ဘာ ဒုတိယပတ်မှ စတင် ဈေးနှုန်းမြင့်တက်လာခြင်းဖြစ်ပြီး ယခုနိုဝင်ဘာ စတုတ္ထပတ်တွင် တစ်ပိဿာလျှင် ငွေကျပ် ထောင်ဂဏန်းအထိ မြင့်တက်လာခြင်းဖြစ်ကြောင်း၊ ယခုမြင့်တက်လာသော ဈေးနှုန်းမှာ ယခင်နှစ်များနှင့် နှိုင်းယှဉ်လျှင် ထက်ဝက်ခန့် လျော့ကျနေကြောင်း သိရသည်။

မန္တလေးဈေးကွက်တွင် ခရမ်းချဉ်သီးအမျိုးအစားများမှာ ရှမ်းသီး(ခေါ်)အင်းသီး၊ ထိုင်ဝမ်သီး၊ ဗမာသီး စသည်ဖြင့် ဝင်ရောက်မှုရှိပြီး ယခုဈေးနှုန်းမြင့်တက်လာသော ခရမ်းချဉ်သီးမှာ ရှမ်းသီးဖြစ်သည်။

ခရမ်းချဉ်သီးကို မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တို့တွင် စိုက်ပျိုးကြပြီး တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဧကနှစ်သိန်းကျော်ခန့် စိုက်ပျိုးကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၈)**

၀-၀-၀-၀-၀



## ပန်းချီဇေယျာသန်း၏ လေပေါ်ပျံတဲ့လူအမည်ဖြင့် တစ်ကိုယ်တော်ပန်းချီပြပွဲ ကျင်းပမည်

**မန္တလေး ဒီဇင်ဘာ ၄**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၃၂(A)လမ်း၊ ၇၃လမ်းနှင့် ၇၄လမ်းကြားရှိ ပရိတ္တဝါဂယ်လာရီ အနုပညာပြခန်းတွင် ပန်းချီဇေယျာသန်း၏ လေပေါ်ပျံတဲ့လူအမည်ဖြင့် တစ်ကိုယ်တော် ပန်းချီပြပွဲကို ဒီဇင်ဘာ ၅ ရက် နံနက် ၁၀ နာရီတွင် ဖွင့်လှစ်ပြသသွားမည်ဖြစ်သည်။

အဆိုပါ ပန်းချီပြပွဲကို ဒီဇင်ဘာ ၅ ရက်မှ ၁၅ ရက်အထိ နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ပြသသွားမည်ဖြစ်ရာ ပန်းချီပညာချစ်မြတ်နိုးသူများ လာရောက်လေ့လာ ကြည့်ရှုနိုင်ကြောင်း သိရသည်။

**(ယာပုံ)**

(ဝ၇ဝ)



# သက်ရှည်ကျန်းမာ စိတ်ချမ်းသာစေဖို့

## မြတ်ထေရ်ကျော်

လူသည် ကျန်းမာခြင်းသာလျှင် အကြီးဆုံးသော စည်းစိမ်ဥစ္စာဖြစ်လေသည်။ လူမှာ အသက်ရှည်ဖို့ရန် သာယာသော နေရောင်ခြည်ရှိ၏။ ချိုအေးသော လေကို ရှူရှိုက်ရ၏။ အသက်အားကို ဖြစ်စေသောရေကို သောက်သုံး ချိုးရ၏။ သန့်ရှင်းစင်ကြယ်အားကောင်းသော ရေအေးရိုးရိုးကို သောက်မည့်အစား အခြားအရည်များကို သောက်သုံးကြ၏။

ဆရာကြီး ပီမိုးနင်း၏ ကြီးပွားအောင်မြင်ရေးကျမ်း စာအုပ်ထဲက ဖော်ပြပါ ကောက်နုတ်ချက်တွေမှာ နေ့သစ်တစ်နေ့၏ နံနက်ခင်း နေရောင်ခြည်တွင် ပန်းဥယျာဉ်ထဲက ပန်းတွေ ငုံရာမှ ဖူး၊ ဖူးရာမှ ပွင့်ကြသည့်ပမာ ဖြူဖွေးသော ဗလာစာရွက် စက္ကူပေါ်သို့ မြန်မာအက္ခရာ၊ ဗျည်း၊ သရတွေ လတ်လတ်ဆတ်ဆတ် လန်းလန်းဆန်းဆန်း ရှိသည်နှင့် ချစ်မြတ်နိုးစွာ မြန်မာစာပေ၏ အလှတရား တန်ဖိုးထားရမည်ဖြစ်ကြောင်း ဖော်ပြနေပေသည်။

ဆင်းရဲချမ်းသာမရွေး လူတိုင်း ချမ်းသာသုခနဲ့ ဘဝရဲ့ အချိန်တိုင်းမှာ နေထိုင်လိုကြသည်။

ထိုလူ ဤလူ မည်သူမဆို သက်ရှည်ကျန်းမာ စိတ်ချမ်းသာအောင် ချမ်းသာခြင်း သုံးမျိုးလိုအပ်ကြောင်း မှတ်သားရပါ၏။

**၁။ အသိချမ်းသာခြင်း**

အသိ၊ အလိမ္မာ၊ ဉာဏ်ပညာ၊ ဝိဇ္ဇာ၊ အမောဟ ဟူသော ဝေါဟာရတွေမှာ မတူကွဲပြားခြားနားသော်လည်း အဓိပ္ပာယ်တူများ ဖြစ်ကြ၏။

အသိချမ်းသာဖို့ လူတိုင်းစာဖတ်ခြင်းဖြင့် ဘဝတန်ဖိုးကို မြှင့်တင်ကြရမည်။

ကျောင်းသားလူငယ်တို့သည် တန်ဖိုးရှိသော အချိန်တွေကို ယီးတီးယားတား စိတ်ဖြင့်မနေမူ၍ အခြေခံပညာကျောင်းသင်ခန်းစာဘာသာရပ်တွေ လေ့လာ၊ ဖတ်မှတ်၊ ရေးမှတ်၊ သင်္ချာပုစ္ဆာတွေ တွက်ချက်ခြင်း၊ နှုတ်တွင်ဆောင်ခြင်းဖြင့် အတန်းပညာအောင်မြင်၍ အတတ်ပညာတစ်ခုအတွက် ကြိုးစားရပါမည်။

ကမ္ဘာတွင် နိုင်ငံ့ခေါင်းဆောင်များအဖြစ် သမိုင်းတွင် ထင်ပေါ်လျက် နာမည်တစ်လုံး မသေခြင်းမှာ အသိချမ်းသာသူများဖြစ်ကြ၏။ ထိုသူတို့သည် စာပေကို အမြဲမပြတ် ဖတ်ရှု၍ စာပေမှရတဲ့ အသိကို လေ့လာရင်း ဘဝတွင် လက်တွေ့အသုံးချကာ ကိုယ်ကျန်းမာအောင်၊ စိတ်ချမ်းသာအောင် စွမ်းဆောင်နိုင်ကြ၏။ အသိမဲ့သူ မဖြစ်အောင် ကြိုးစားပါ။

**၂။ အရှိချမ်းသာခြင်း**

ဆင်းရဲသူ၊ ချမ်းသာသူ၊ အမျိုးသား၊ အမျိုးသမီးတို့တွင် တန်ဖိုးမဖြတ်နိုင်သော အချိန်အတိုင်းအတာ ၂၄ နာရီရှိ၍ လူသားအားလုံး အချိန်သူဌေးများဖြစ်ကြ၏။

အရှိချမ်းသာမှုတွင် အချိန်မှာ ရွှေဒင်္ဂါးပြားတွေပမာ တန်ဖိုးရှိ၍ လူတိုင်းရရှိနေကြသည်တွင် အတတ်ပညာ၊ အတန်းပညာမှ ရရှိထားတဲ့ အသိအရင်းအနှီးနှင့် ငွေကြေးချမ်းသာအောင်နှင့် ကုသိုလ်တရားတွေ ပြုလုပ်အားထုတ်သောအခါ ထိုလူ ဤလူအရှိချမ်းသာခြင်းနှင့် ပြည့်စုံ၍ အရှိမဲ့သူမဖြစ်ဖို့ လိုအပ်၏။

**၃။ အကျင့်ချမ်းသာခြင်း**

လောကမှာ လူသားတိုင်း၊ ချမ်းသာခြင်း သုခရှာဖွေကြရာတွင် အကျင့်မဲ့သူမဖြစ်ဖို့လို၏။

အကျင့်မဲ့သူမဖြစ်မူ၍ အကျင့်ချမ်းသာအောင် ဆောင်ရွက်ရာတွင်-

၁။ ပါဏာတိပါတာဝေရမဏီ သူတစ်ပါး အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း။

၂။ အဒိန္နာဒါနာဝေရမဏီ-သူတစ်ပါးဥစ္စာကို ခိုးယူမှုမှ ရှောင်ကြဉ်ခြင်း။

၃။ ကာမေသုမိစ္ဆာစာရာဝေရမဏီ-ကာမဂုဏ်တို့၌ မှားယွင်းစွာ မပြုကျင့်ခြင်း။

၄။ မုသာဝါဒါဝေရမဏီ-လိမ်ညာ၍ ပြောဆိုမှုမှ ရှောင်ကြဉ်ခြင်း။

၅။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာဝေရမဏီ-မေ့လျော့ခြင်း၏ အကြောင်းဖြစ်တဲ့ သေရည်အရက်နဲ့ မူးယစ်ဆေးဝါးများ မသုံးစွဲခြင်း။

မြတ်စွာဘုရား၏ သာသနာနှင့်ကြုံတွေ့ရာတွင် ဖော်ပြပါ ငါးပါးသီလ ဂရုဓမ္မကျင့်သုံးသူမှာ အကျင့်မဲ့သူ မဟုတ်မူ၍ အကျင့်ချမ်းသာသူဖြစ်လျက် အသက်ရှည်၍ စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာရေးဆုလာဘ်နှင့် လူ၏တန်ဖိုးကို မြှင့်တင်နိုင်ကြပေသည်။

ဘဝခရီးလျှောက်လှမ်းကြရာတွင် လောကလူသားအားလုံး အသိချမ်းသာပါစေ။ အရှိချမ်းသာပါစေ။ အကျင့်ချမ်းသာပါစေကြောင်း စာဖတ်သူ မိတ်ဆွေများအား မင်္ဂလာသတင်းနှင့်အတူ စိတ်ချမ်းသာမှုသုခ ရယူနိုင်ပါစေဟု မေတ္တာပို့သပါ၏။

သုခီ အတ္တာနံ ပရိဟာရန္တု။

**ကိုးကား-တိပိဋကဓရ ယောဆရာတော်အဆုံးအမ ဩဝါဒ**

---

# မြန်မာအမျိုးသမီးတို့၏ ဆံကေသာအလှ

**၇-၁၁-၂၀၂၅ စာမျက်နှာ ၁၇ မှအဆက်**

ခေတ်မီ၊ ခေတ်ဆန်လိုသူတို့က ရိုးစင်းသော၊ သိမ်မွေ့သော၊ ဆင်ယင်ထုံးဖွဲ့မှုကို အတ္တလွန်ကဲစွာ အတုယူ အတုခိုးလာကြသည်။ တလွဲဆံပင်ကောင်းလာကြသည်။

ကမ္ဘာကြီးက ရွာကြီးတစ်ရွာအဖြစ်သို့ ပြုပြင်ပြောင်းလဲရာမှ ခေတ်ရေစီးကြောင်းနှင့်အတူ အချိန်နာရီအလိုက် ပြောင်းလဲခဲ့ပြီ။ ခေတ်မီခေတ်ဆန်သော ဝတ်စားဆင်ယင်မှုနှင့်အတူ ဆံပင်၊ ဆံကေသာလည်း ပြောင်းလဲလိုက်သည်။ ရှည်ရာမှ တိုလာသည်။ ပိတုန်းရောင်ကေသာမှ စိမ်း၊ နီ၊ ဝါ၊ ပြာ ရောင်စုံဖြာလာသည်။ လိမ်သည်၊ ကောက်သည်၊ တိုသည်၊ တွန့်သည်။

တစ်ချိန်က ဆံရစ်ဝိုင်း၊ ဆံတောက်ကလေးများနေရာသို့ တွန့်လိမ်ကွေးကောက်သော ဆံပင်အလှပြင်ဆိုင်ထွက်ပစ္စည်း သဏ္ဌာန်၊ စက်ရုံမှထွက်သော ဘိုမရုပ်ကလေးများပမာ ရောင်စုံအခြယ်အသက သူတို့ကိုယ်သူတို့ ဟိတ်ဟန်ထုတ်ကာ၊ ရှုမဆုံး၊ ကြည့်မဝဖြစ်နေကြပြီ။ အပြောင်းလဲကြီး ပြောင်းလဲပစ်လိုက်သော မြင်ကွင်းသစ်များပင် ဖြစ်သည်။

မြို့ကြီးပြကြီးတွင် ရိုးအီသောလုပ်ရပ်က ကျေးလက်နေပြည်သူကြားသို့ စိမ့်ဝင်လာပြီး ချောင်ကြိုချောင်ကြားပါမကျန် ပြုမူဝတ်စားလာကြသည်။

နေ့စဉ်တွေ့မြင်ရသော မြင်ကွင်းထဲမှာ အမျိုးသမီးအလှာမြင်ကွင်းက လုံးဝမြန်မာမဆန်တော့ပါ။ တိုင်းတစ်ပါးလူမျိုးကဲ့သို့ ပြင်ဆင်မှုဆင်ယင်ထုံးဖွဲ့မှု၊ ဆံကေသာအလှပြုပြင်မှုများက နေရာယူလာပြီ။

နည်းပညာကို အသုံးပြု၍ ပြင်ဆင်မွမ်းမံမှုက သက်ရှိလူသားစင်စစ်မှ သက်မဲ့စက်ရုံထုတ်အရုပ်ပမာ ဖြစ်ကုန်ပြီ။ တစ်ချိန်က မြန်မာပီပီ မြန်မာဆန်သော မြန်မာမလေးများက စုန်းပြူးဘဝဖြင့် ဒေါင်းလည်းမဟုတ်၊ ကျီးလည်းမမည်၊ အောက်ကလိအာများဖြစ်ကြကုန်ပြီ။

ကိုရီးယားဇာတ်လမ်းတွဲများ၏ လောင်းရိပ်က လွှမ်းစွာကြီးစိုးခံနေရသည်။ ဝတ်စားဆင်ယင်မှုနှင့်အတူ ဆံကေသာအလှပါ ပြောင်းလဲလိုက်ကြပြီ။ ပုဂံခေတ်ဆင်ယင်မှု၊ အင်းဝခေတ်ဆံကေသာအလှတို့ကား ပြတိုက်ထဲမှာသာ သွားကြည့်ကြရပါမည်။ ယခုမျက်မှောက် မြန်မာပြည်မှာ မတွေ့နိုင်တော့ပါ။ မြန်မာဆန်သော မြန်မာမလေးများကိုလည်း အမျိုးသားသမိုင်းပြတိုက်သို့ သွားကြည့်ကြပါ။

ရုပ်ဘဝပြောင်းလဲမှုနှင့်အတူ စိတ်ဘဝလည်း လိုက်ပါပြောင်းလဲနေပြီ။ ကိုရီးယားဇာတ်လမ်းတွဲကို အတုယူမှားပြီး အိမ်ထောင်ရေးဖောက်ပြန်မှုက တစ်နှယ်ငင်၍ တစ်စင်လုံးပါသွားပြီ။

မြန်မာပြည်မှာ မွေးဖွားသော မြန်မာမ စုန်းပြူးလေးများက ကိုရီးယားစတိုင်လ်၊ ကိုရီးယားဟန်၊ ကိုရီးယားသဏ္ဌာန်ကို အိမ်ဦးခန်းမှာ ကိုးကွယ်၍ ဝတ်ဆင်ထုံးဖွဲ့နေကြပြီ။ ဆံကေသာအလှလည်း ပျက်သုဉ်းစေပြီ။ ယဉ်ကျေးမှုစီးကြောင်းဝယ် မြန်မာမဆန်သော၊ မြန်မာဟန်ကင်းသော၊ အမျိုးသားစိတ်ဓာတ် ဆိတ်သုဉ်းသော ပြုမူပြောဆိုဝတ်စားဆင်ယင်မှုနှင့်အတူ ဦးခေါင်းထက်က ဆံကေသာအလှကလည်း ဆိတ်သုဉ်းကြရပြီ။ ဦးခေါင်းထက်မှာ အမှိုက်ပုံကြီး ခေါင်းပေါ်တင်ထားသကဲ့သို့ မိန်းကလေးအလှကျက်သရေများ အမှိုက်ပုံးထဲသို့ ရောက်ကုန်ပါပြီ။ အရိုးကိုတော့ အရွက်က မဖုံးသင့်တော့ပါ။

'စီးတဲ့ရေ ဆည်တဲ့ကန်သင်း' မြန်မာမှုဆိုရိုးစကားအတိုင်း၊ စီးဆင်းလာသော အနောက်တိုင်းယဉ်ကျေးမှုနှင့်မြန်မာဟန်၊ မြန်မာမဆန်သော ပြုပြင်ပြောင်းလဲမှုကို အချိန်မီတားဆီးသင့်သည်။

ကမ္ဘာမှာ လူမျိုးထောင်ချီရပ်တည်နေသည်။ လူတစ်မျိုး၏ ယဉ်ကျေးမှုသည် အဆိုပါလူမျိုး၏ ပြယုဂ်၊ ပုံရိပ်၊ ကြေးမုံပြင်ဖြစ်သည်။ လူမျိုး၏ 'စံ' ပေတံဖြင့် တိုင်းတာချက်ဖြစ်သည်။

ယဉ်ကျေးမှုမြင့်က လူမျိုးမြင့်သည်။ ယဉ်ကျေးမှုနိမ့်က လူမျိုးနိမ့်သည်။ ရေမြင့်၍ ကြာတင့်သည်။ ယဉ်ကျေးမှုကို မြှင့်တင်နိုင်မှု အရှိဆုံးမှာ အမျိုးသမီးများသာဖြစ်သည်။ လူမျိုးဂုဏ်၊ လူမျိုးသိက္ခာ၊ ကိုယ်ကျင့်တရား၏ အညွှာတစ်ခုကို ကိုင်တွယ်ချုပ်ကိုင်ထားနိုင်သည်မှာ အမျိုးသမီးသာဖြစ်သည်။

ခေတ်ပြောင်းလဲမှု၊ကိုယ်ပိုင်ယဉ်ကျေးမှု ပြောင်းလဲမှုက အတိုင်းအတာတစ်ခု၊ ဘောင်တစ်ခုအတွင်းမှာသာ လက်ခံကြရမည်။ အတိုင်းအတာထက် ကျော်လွန်သွားခြင်း၊ ဘောင်ကျော်နေခြင်းကိုကား တစ်မျိုးသားလုံး ထိန်းသိမ်းသွားသင့်ပါပြီ။ အချိန်ရောက်ပြီဟု မဆိုချင်ပါ။ အချိန်က ကျော်လွန်နေပါပြီ။ လက်ပိုက်ကြည့်နေပါက 'မြန်မာ့' ယဉ်ကျေးမှုသည် ကမ္ဘာ့အလယ်မှ ကွယ်ပျောက်သွားနိုင်ပါသည်။

ဥပမိရုပ်သွင်က မိမိလူမျိုး၊ မျိုးရိုးဇာတိကို သွေဖယ်ပြီး အခြားအသွင်မတူ မျိုးကွဲ၏သွင်ပြင်စရိုက်လက္ခဏာကို အလွယ်တကူခံယူလိုက်သော အားနည်းချက်ရှိလာသည်။ ဆံကေသာက ဦးခေါင်းထက်မှာရှိရာ လူတစ်ကိုယ်ကို အပိုင်စီး ဝါးမျိုခံရခြင်းသာ ဖြစ်နေပါပြီ။

'မိန်းမတို့ဘုန်း ဆံထုံး' ဆိုရိုးစကားကိုလည်း ချေဖျက်သင်္ဂြိုဟ်လိုက်ပါပြီ။ အမျိုးသမီးတို့၏ ကြန်အင်လက္ခဏာဖြစ်သည့် ဆံပင်အလှကို ဖျက်ဆီးလိုက်ခြင်းလည်း ဖြစ်ပါသည်။

ယနေ့မြန်မာအမျိုးသမီးတိုင်း မြန်မာလို လှစေချင်ပါသည်။ ခေတ်မီ၊ ခေတ်ဆန်လာမှုက ဘောင်ကျော်၍ 'ခေတ်လွန်'သော ပြုမူချက်နှင့်အတူ ဆံကေသာ ဆင်ယင်ထုံးဖွဲ့မှုက ပြောင်းလဲနေရာယူသွားပါပြီ။ ထဘီပုံစံ၊ အင်္ကျီပုံစံနည်းတူ ဆံပင်ပုံစံလည်း လိုက်ပါပြောင်းလဲနေပါပြီ။

မြန်မာမိန်းကလေးတို့၏ ဆင်ယင်ထုံးဖွဲ့မှုက ခေတ်ရေစီးကြောင်းမှာ မျောပါပြီး 'ဟီရိ' နှင့် 'ဩတ္တပ' ကင်းမဲ့လာသည်။

**'မြန်မာမလေးဆိုလျှင်၊ မြင်ရုံနဲ့သိ၊**
**နုညက်စင်သနပ်ခါး၊ ပါးပြင်ကိုကြည့်။**
**မြန်မာမလေးဆိုလျှင်၊ မြင်ရုံနဲ့သိ၊**
**ရိုတ်လှိုင်းဆင် ရောင်စုံသွေးနဲ့၊ ယဉ်ကျေးပါဘိ။**
**မြန်မာမလေးဆိုလျှင်၊ မြင်ရုံနဲ့သိ၊**
**စောင့်စည်းဣန္ဒြေနဲ့၊ သိဟ်သရေ မျိုးဂုဏ်မြင့်**
**တင့်ကြသည်ချည်း ။ ။**

**ချိုမြနွယ်(စာပေဗိမာန်)**

'ယဉ်ကျေးမှုအစစ် လူ့အနှစ်' စောင့်ထိန်းမွေးထုတ်ရာ မိခင်မိန်းကလေးများက ယဉ်ကျေးမှုအုတ်တံတိုင်းကို ကြံ့ကြံ့ခံတားဆီးနိုင်ပါမှ ရိုးရာအစွန့်ရှည်နိုင်ပါမည်။ ထို့ကြောင့် ဦးခေါင်းထက်က ဆံကေသာအလှ ဆင်ယင်မှု ပြောင်းလဲမှုအား အဖတ်ဆယ်သင့်ပါပြီ။ အကျင့်ကောင်းခလေ့ရိုးရာ စစ်စစ်ကို မြန်မာမလေးတိုင်းက၊ ဆံကေသာထက်မှ ပန်းပွင့်ပမာ တသသ ပန်ဆင်၍ အသက်နှင့်ထပ်တူ ထိန်းသိမ်းသင့်ပါသည်။ ရိုးသားမှုဂုဏ်ပေတံဖြင့် တိုင်းတာ၍ မြန်မာပီပီ၊ မြန်မာဆန်ဆန် ပြုပြင်သင့်ပါသည်။ မြန်မာတို့၏ ရှေးနှစ်ပေါင်းသန်းလေးဆယ်က လူမျိုးသက်တမ်း ရိုးရာဇီဇဂုဏ်ကို ထောက်ဆ၍ လူမှုရေးမျက်နှာစာဝယ် ရှုမငြီး ကြည့်မဝနိုင်သော မြန်မာဆံကေသာ ဆင်ယင်ထုံးဖွဲ့မှုများကို မေ့ပျောက်မသွားစေချင်ပါ။ မြန်မာမလေးမှန်ပါလျှင် အနီးအဝေးမည်သို့ပင် ကြည့်ကြည့်၊ သိသာထင်ရှားသော ဦးခေါင်းထက်က ဆံကေသာအလှဖြင့်၊ 'ကမ္ဘာဝယ် မြန်မာရယ်'...ဟူ၍ ဂုဏ်ယူဝင့်ကြွားနိုင်ရန် ရိုးရာဓလေ့၊ ရိုးရာထုံးဖွဲ့မှုအသွင်သဏ္ဌာန်စရိုက်ကို အသက်နှင့်ထပ်တူ ထိန်းသိမ်းကြပြီး မြန်မာမလေးတွေ မြန်မာလို လှစေချင်ပါပြီ။ မြန်မာအမျိုးသမီးတို့၏ ဆံကေသာအလှကို မြင်တိုင်း လှစေချင်ပါသည်။

**ကျမ်းကိုး**

**(၁) မြန်မာစွယ်စုံကျမ်း။ (စာပေဗိမာန်)အတွဲ=၄။ စာပေဗိမာန်။ (ရန်ကုန်)(၁၉၆၇)ခုနှစ်။**

## မြင့်မြင့်ထွေး(ကောလင်း)

# (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပ



**တောင်တွင်းကြီး ဒီဇင်ဘာ ၄**

ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စာပေလေ့လာ ဖတ်ရှုမှတ်သားသည့် အလေ့အထများဖြစ်ပေါ်လာစေရန်၊ စာကြည့်တိုက်များသို့ စဉ်ဆက်မပြတ် ဝင်၊ ထွက်သွားလာတတ်သည့် အလေ့အထများ ဖြစ်ပေါ်လာစေရန်၊ အများနှင့် ပူးပေါင်းဆောင်ရွက်တတ်စေရန်၊ ကောင်းသောယှဉ်ပြိုင်လိုစိတ်များရှိစေရန်နှင့် လွတ်လပ်ရေး၏တန်ဖိုး၊ လွတ်လပ်ရေး၏အနှစ်သာရများ၊ လွတ်လပ်ရေးနေ့နှင့်ပတ်သက်သည့် ဗဟုသုတများကို လေ့လာသိရှိနိုင်စေရန် ရည်ရွယ်၍ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ဒီဇင်ဘာ ၃ ရက် မွန်းလွဲ ၁ နာရီက မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ပြည်သူ့စာကြည့်တိုက်တွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ဦးစီးမှူး ဒေါ်အေးမိုးမိုးမြင့်က ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များနှင့် စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ကျင်းပရာ မြို့မအခြေခံပညာအလယ်တန်းကျောင်းမှ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၅ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

(၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ပြိုင်ပွဲများကို ပညာရေးဌာနနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး ပြိုင်ပွဲတွင် ဆုရရှိကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။(**အပေါ်ဝဲပုံ**)

**နောင်နောင် (မိသနိုးမြေ)**

# အောင်မြေသာစံမြို့နယ်တွင် "ဒို့အတူတူ မဲပေးကြမယ်" လှုံ့ဆော်မှုစာစောင်များ ဖြန့်ဝေ

**မန္တလေး ဒီဇင်ဘာ ၄**

ဒီဇင်ဘာ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် ပြည်သူများ ပိုမိုပါဝင်မဲပေးနိုင်ရေး လှုံ့ဆော်သည့် လက်ကမ်းစာစောင်များကို ဒီဇင်ဘာ ၃ ရက် နံနက်ပိုင်းက မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ညောင်ပင်ဈေးအနီး၌ ဖြန့်ဝေခဲ့ကြသည်။

"ဒို့အတူတူ မဲပေးကြမယ်" ဟူသော ဆောင်ပုဒ်နှင့်အညီ "ရွေးကောက်ပွဲမှသည် ပိုမိုကောင်းမွန်သောအနာဂတ်ဆီသို့" ဟူသည့် ရည်ရွယ်ချက်ဖြင့် ပွဲရုံတောင်ဈေး၊ ရေကျော်ဈေး၊ ကားဂိတ်များနှင့် လူစည်ကားသည့် နေရာများတွင် စာစောင်များ ဖြန့်ဝေခဲ့ခြင်းဖြစ်သည်။

အဆိုပါ လက်ကမ်းစာစောင်များတွင် "ဒီမိုကရေစီကို ပြန်လည်ဖော်ဆောင်ဖို့ ရွေးကောက်ပွဲမှလွဲ၍ အခြားနည်းမရှိပါ"၊ "ဒီမိုကရေစီ ခိုင်မြဲဖို့ မဲရုံသွားပြီး မဲပေးကြပါစို့" စသည့် အကြောင်းအရာများ ပါဝင်ပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး၊ မီးသတ်ဦးစီးမှူးနှင့်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်ဝန်ထမ်းများ၊ ဈေးတာဝန်ခံနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပါဝင်သောအဖွဲ့က လက်ကမ်းစာစောင် ၃၀၀ ကို ပြည်သူများအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။(**အောက်ပုံ**)

(၀၉၃)



ဗလငါးတန်ဖွံ့ဖြိုးဖို့

စာအုပ်၊ စာပေ လေ့လာစို့။




# HIV/AIDS ရောဂါနှင့် မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြော

**မိုင်းရှူး ဒီဇင်ဘာ ၄**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးမြို့နယ်တွင် HIV/AIDS ရောဂါနှင့်မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး ဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီက အခြေခံပညာအထက်တန်းကျောင်း ခရေဆောင်ခန်းမ၌ ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းလီက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကုသရေးဦးစီးဌာနမှူး ဒေါက်တာကျော်ဇင်ထွန်းက HIV/AIDS ရောဂါအကြောင်းဖြင့်လည်းကောင်း၊ မြို့မရဲစခန်းမှူး ဒုတိယရဲမှူးစောဝင်းက မူးယစ်ဆေးဝါးအန္တရာယ်အကြောင်းဖြင့်လည်းကောင်း ဟောပြောခဲ့သည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် ကျန်းမာရေးအသိပညာပေး၊ မူးယစ်ဆေးဝါးအန္တရာယ်၊ လူကုန်ကူးမှုအန္တရာယ်၊ ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း စသည့် အသိပညာပေးနံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

(ယာပုံ)

**မြို့နယ်(ပြန်/ဆက်)**

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး နေ့စဉ်

## မေတ္တာအခွမ်း အံ့မခန်း

\- - - - - - - - - -

* တစ်နေ့သုံးခါ အိုးတစ်ရာဖြင့်
ချက်ခါထမင်း ကျွေးမွေးခြင်းထက်
မယှွင်းစင်စစ် နို့တစ်ညှစ်စာ
ကြိမ်သုံးခါမျှ မေတ္တာပွားများ
ကျိုးကြီးမားဟု ဘုရားမြတ်စွာ
ဟောညွှန်မှာခဲ့ ။

* သာကေထား မြတ်ဘုရား၏
ရှစ်ပါးအောင်ခြင်း ဂုဏ်ထင်လင်းကျော်
မေတ္တာတော်ကြောင့် အောင်တော်မူရ
အောင်သရဖူရခဲ့ ။

* သုဝဏ္ဏလျှံ မြားဆိပ်ဒဏ်ကို
မှန်ကန်သစ္စာ ပါရမီ၏
မေတ္တာဟိတ်များ စွမ်းပကားကြောင့်
သားလုရွှေစင် အသက်ရှင်ခဲ့ ။

* ဘဝနှင့် အသက်ပုံ
မိခင်ရင်အစုံမှ ကိန်းခ မေတ္တာ
ကြီးမြတ်တာကြောင့် နိတျာတချာသွေး
ဖြူစင်ဖွေးလာ "ဆောင်း"မှာ နွေးချို
"နွေ"ဆို အေးမြ "မိုး"မှာ မျှတ
အပူအအေး ထိန်းညှိပေးစရာမလို
ဘယ်သိပ္ပံပညာရှင်မှ တုပ မရ
(၃၂)ကောဋ္ဌာသကို လွှမ်းမြောက်
သားသက်လျှာ သောက်စေဖို့
ဖြစ်တည်လာရ အမေ့မေတ္တာ အာဟာရ ။

* မြစ်ကမ်းသဲထု တွင်းစုစုမှာ
လိပ်မာတာက ဝှက်ကာဥထား
ဝေးရပ်ခြားမှ စောင့်စားမေတ္တာ
ပို့လွှတ်တာကြောင့် စိုးနှောင့်မရှိ
သဲတွင်းရှိနေ လိပ်ဥတွေအား
ပေါက်ဖွားရှင်စေ မွေးမေ လိပ်မ
မေတ္တာအလှ ။

* ဤကမ္ဘာမှာ မေတ္တာသာလျှင်
စွမ်းအင်ထက်မြက် ဆုံးသက်တိုင်ပင်
စိတ်အစဉ်မှာ မေတ္တာထုံ၍
လုံခြုံအေးမြ ကောင်းခြင်းခစေ
ငြိမ်းချမ်းစေ ။ ။

**ခင်ဆွေလှိုင်(ပန်းချီ)**



❖ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် သစ်တောသစ်ပင်များကို စိုက်ပျိုးထိန်းသိမ်းခြင်း၊ စောင့်ရှောက်ခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်မည်ဆိုပါက မိမိတို့၏ ဆောင်ရွက်မှုများသည် သားစဉ်မြေးဆက်အထိ အကျိုးခံစားရမည်ဖြစ်...

❖ သစ်ပင်စိုက်ပျိုးရာတွင် အချိန်၊ငွေကြေးနှင့်လူအင်အားများ စိုက်ထုတ်သုံးစွဲရသဖြင့် တာဝန်အရ စိုက်ပျိုးခြင်းမျိုးမဟုတ်ဘဲ စေတနာထား၍ စိုက်ပျိုးသွားကြရန်လို...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့တွင် ပြုလုပ်သော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ၏ ၂၀၂၅ ခုနှစ်၊ တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

❖ နိုင်ငံတော် ရှေ့သို့ဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## အများပြည်သူသိရှိရန် ကြေညာခြင်း

အင်တာနက်ဝန်ဆောင်မှုများရရှိရန် နိုင်ငံတကာသို့ ချိတ်ဆက်ထားသော ဆက်ကြောင်းများအနက် စင်ကာပူနိုင်ငံမှ မြန်မာနိုင်ငံသို့ သွယ်တန်းချိတ်ဆက်ထားသည့် UMO ပင်လယ်ရေအောက် ဖိုင်ဘာကေဘယ်ဆက်ကြောင်းသည် ၁-၁၁-၂၀၂၅ ရက်နေ့တွင် ချို့ယွင်းပြတ်တောက်မှုဖြစ်ပေါ်ခဲ့ သဖြင့် အဆိုပါဆက်ကြောင်းမှ အင်တာနက်ဝန်ဆောင်မှု ရယူအသုံးပြုထားသော မိုဘိုင်းဆက်သွယ်ရေးအော်ပရေတာများနှင့် Internet Service Provider (ISP)များ၏ အင်တာနက်ဝန်ဆောင်မှုများသည် နှေးကွေးမှုများ ဖြစ်ပေါ်ခဲ့ပါသည်။ UMO ဆက်ကြောင်း ပြန်လည်ကောင်းမွန်စေရေး စီစဉ်ဆောင်ရွက်နေစဉ် အင်တာနက်ဝန်ဆောင်မှုများ အဆင်ပြေစွာ အသုံးပြုနိုင်စေရန် နယ်စပ်ဖြတ်ကျော်ဖိုင်ဘာဆက်ကြောင်းများ ထပ်မံတိုးမြှင့်ချိတ်ဆက်အသုံးပြုထားရှိသည့်အတွက် အင်တာနက်ဝန်ဆောင်မှုများ အထိုက်အလျောက် ပြန်လည်ကောင်းမွန်နေပြီဖြစ်ပါသည်။ UMO ဆက်ကြောင်း ပြုပြင်ခြင်းအား ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလကုန်ခန့်တွင် ဆောင်ရွက်ပြီးစီးမည်ဖြစ်သဖြင့် အင်တာနက်ဝန်ဆောင်မှုများ မူလအခြေအနေသို့ မကြာမီ ပြန်လည်ရောက်ရှိမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

## အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု (C) ပွဲစဉ်ကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဒီဇင်ဘာ ၄

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု (C) ပွဲစဉ်အဖြစ် ဒီဇင်ဘာ ၅ ရက် ညနေ ၅ နာရီခွဲတွင် မြန်မာ ယူ-၂၂ အမျိုးသားဘောလုံးအသင်းနှင့် ဖိလစ်ပိုင်ယူ-၂၂ အမျိုးသားဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်ကို ယင်နေ့ ညနေ ၅ နာရီ ၁၅ မိနစ်မှ စတင်၍ MRTV HD Channel၊ MRTV Entertainment Channel၊ MRTV Sports Channel နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

သတင်းစဉ်

## အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု (B) ပွဲစဉ်ကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဒီဇင်ဘာ ၄

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု (B) ပွဲစဉ်အဖြစ် ဒီဇင်ဘာ ၅ ရက် ညနေ ၃ နာရီခွဲတွင် မြန်မာအမျိုးသမီးဘောလုံးအသင်းနှင့် ဖိလစ်ပိုင်အမျိုးသမီးဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်ကို ယင်နေ့ ညနေ ၃ နာရီ ၁၅ မိနစ်မှ စတင်၍ MRTV HD Channel၊ MRTV Entertainment Channel ၊ MRTV Sports Channel နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

သတင်းစဉ်

## ၂၀၂၅ ဆီးဂိမ်း အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် ဖိလစ်ပိုင်အသင်းတို့ ယနေ့ ယှဉ်ပြိုင်ကစားမည်

**ချောင်ဘူရီ ဒီဇင်ဘာ ၄**

၂၀၂၅ ဆီးဂိမ်း အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု(ခ)အဖွင့်ပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် ဖိလစ်ပိုင်အသင်းတို့ ယနေ့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

မြန်မာအသင်းသည် အုပ်စု(ခ)တွင် ဖိလစ်ပိုင်၊ ဗီယက်နမ်၊ မလေးရှားအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်လျက်ရှိသည်။

မြန်မာအမျိုးသမီးအသင်း နည်းပြချုပ် ယုကီတက်ဆုရိုက "ဒီပြိုင်ပွဲ မတိုင်မီ ဂျပန်နိုင်ငံ၊ အိုဆာကာမြို့ကို သွားရောက်လေ့ကျင့်ပြီး ခြေစမ်းပွဲတွေ ကစားခဲ့ပါတယ်။ လက်ရွေးစင်အသင်းရှိ ကစားသမား အချို့ဟာ ISPE အသင်းနဲ့အတူ အာရှအမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲ ဝင်ရောက်ကစားခဲ့ပါတယ်။ ကျွန်တော်တို့ အနေနဲ့ တစ်ပွဲချင်းစီကို ပြင်ဆင်ကစားသွားမှာဖြစ်ပြီး ပြီးခဲ့တဲ့ ကမ္ဘောဒီးယား ဆီးဂိမ်းထက် ပိုကောင်းတဲ့ ရလဒ်တွေရရှိအောင် ကြိုးစားသွားမှာဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

မြန်မာအသင်းသည် ၂၀၂၅ ဆီးဂိမ်းအမျိုးသမီး ဘောလုံးပြိုင်ပွဲ အုပ်စု(ခ)အဖွင့်ပွဲစဉ်အဖြစ် ဒီဇင်ဘာ ၅ ရက်(ယနေ့)မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် ဖိလစ်ပိုင်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ (NGB)






## ၂၀၂၅ ဆီးဂိမ်း အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် အုပ်စု(က)အဖွင့်ပွဲစဉ်၌ ထိုင်းအသင်းက အင်ဒိုနီးရှားအသင်းကို ဂိုးပြတ်အနိုင်ရယူ

**ချောင်ဘူရီ ဒီဇင်ဘာ ၄**

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် (၃၃)ကြိမ်မြောက် ၂၀၂၅ ဆီးဂိမ်း အမျိုးသမီး ဘောလုံးပြိုင်ပွဲ အုပ်စု(က) အဖွင့်ပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် ညနေ ၆ နာရီက ထိုင်းအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ထိုင်းအသင်းက အင်ဒိုနီးရှားအသင်းကို ရှစ်ဂိုး၊ ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

ယခုပွဲစဉ်တွင် ထိုင်းအသင်းက အိမ်ရှင်ပီပီ အင်ဒိုနီးရှားအသင်းဘက်သို့ ဖိအားပေးကစားနိုင်ခဲ့ပြီး ဂိုးပြတ်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ထိုင်းအသင်းသည် ပထမပိုင်းတွင် လေးဂိုး၊ ဒုတိယပိုင်းတွင် လေးဂိုး သွင်းယူခဲ့ခြင်းဖြစ်သည်။

အုပ်စု (က)တွင် ကမ္ဘောဒီးယားအသင်း နုတ်ထွက်သွားခဲ့ခြင်းကြောင့် ထိုင်း၊ အင်ဒိုနီးရှားနှင့် စင်ကာပူအသင်းတို့ သုံးသင်းသာ ကျန်ရှိနေတော့ပြီး ထိုင်းအသင်းသည် ယခုကဲ့သို့ ဂိုးပြတ်အနိုင်ရရှိထားမှုကြောင့် ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ရန် အခြေအနေကောင်းသွားခဲ့ပြီဖြစ်သည်။

ထိုင်းအသင်းသည် ၂၀၂၅ ဆီးဂိမ်း အမျိုးသမီး ဘောလုံးပြိုင်ပွဲ အုပ်စု (က) ဒုတိယပွဲစဉ်အဖြစ် လာမည့် ဒီဇင်ဘာ ၁၀ရက် မြန်မာစံတော်ချိန် ညနေ ၆ နာရီတွင် စင်ကာပူအသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။ (NGB)